# ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့၊ (26-8-2007) (၅၄၂၁)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မိုးမိတ်ဒေသတွင် မြေလွတ်မြေရိုင်း မြောက်မြားစွာရှိသေး၍ စိုက်ပျိုးရေးတိုးချဲ့ဆောင်ရွက် ရေရှည်၌ စီးပွားရေးထွက်ခြေကိုက်သော ရော်ဘာ၊ ခြံစည်းရိုးကြက်ဆူပင်တို့ကိုလည်း စိုက်ပျိုး

နေပြည်တော် ဩဂုတ် ၂၅

**ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၃ ရက် ညနေ ၅ နာရီတွင် မိုးမိတ်မြို့ မိုးမိတ်–မိုးကုတ် ကားလမ်း မိုင်တိုင်အမှတ်(၆/၀)ရှိ ရေအားလျှပ်စစ်စီမံကိန်း (၆)မိုင်ရေတံခွန်သို့ ရောက်ရှိပြီး ရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။**






အဆိုပါ မိုးမိတ်မြို့ ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက မိုးမိတ်မြို့ပေါ်သို့ လျှပ်စစ်ဓာတ်အားဝပ် ၁၄၀၀၀၀ လျှပ်စစ်မီး ပေးဝေနိုင်မည်ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီတွင် မိုးမိတ်မြို့ တပ်နယ်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မဘိမ်းမြို့နယ် ရော်ဘာစမ်းသပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ဆန့်ကျင်ရေးသံသရာက နိုးထဖို့ အချိန်တန်ပြီ

တည်ဆဲအစိုးရအပေါ် ဆန့်ကျင်နေတဲ့ ပြည်တွင်းပြည်ပ အဖွဲ့များအနေနဲ့ အစိုးရဆန့်ကျင်ရေး၊ အမျိုးသားညီလာခံဆန့်ကျင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆန့်ကျင်ရေး၊ ပြည်သူ့ဆန္ဒခံယူပွဲ ဆန့်ကျင်ရေး စတဲ့ ဆန့်ကျင်ရေးသံသရာက နိုးထဖို့ အချိန်တန်ပါပြီ။ တည်ဆဲဥပဒေများကို အမျိုးမျိုးချိုးဖောက် ကျူးလွန်ခဲ့သမျှအပေါ် အလွန်မှ သဘောထားကြီးပြီး လိုက်လျောနားလည်ခွင့်လွှတ်ပေးခဲ့တဲ့ တပ်မတော်အစိုးရကိုလည်း အားနာသင့်လှပါပြီ။ စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထုဆစ်ပုံဖော်တည်ဆောက်ဖို့ အားသန်တက်ကြွနေကြတဲ့ ပြည်သူရဲ့ဆန္ဒကိုလည်း ငဲ့ညှာထောက်ထားသင့်လှပါပြီ။

ဒီလိုမဟုတ်ဘဲ ငါ့မြင်းငါစိုင်း၊ ငါ့လှေငါထိုး အတင်းရှေ့ဆက်တိုးနေမယ်ဆိုရင်တော့ ဥပဒေက ခွင့်လွှတ်မှာမဟုတ်ပါဘူး။ အစိုးရကလည်း ထိုင်ကြည့်နေမှာ မဟုတ်ပါဘူး။ ဒီထက်ပိုပြီး ပြည်သူကလည်း ဒီအတိုင်း ငြိမ်ခံနေမှာ မဟုတ်ပါဘူး။

**ကိုကဲ၏ "ဆန့်ကျင်ရေးသံသရာက နိုးထဖို့ အချိန်တန်ပြီ" (ဆောင်းပါး) စာမျက်နှာ—၈၊၉၊၁၀**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၆–၈–၂၀၀၇
(တနင်္ဂနွေနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထား မျိုးရိုးဇာတိဂုဏ်အင် ထာဝစဉ်ထိန်းသိမ်းမြှင့်တင်

နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးနှင့် မြန်မာ့ယဉ်ကျေးမှုတို့ ထာဝရတည်တံ့ခိုင်မြဲနေရန် ထိန်းသိမ်းကြရမည်ဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားတိုင်းက မိမိတို့၏နိုင်ငံကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်ရုံမျှမက မြန်မာ့ယဉ်ကျေးမှုဟူသည့် လူမှုရေးတံတိုင်းကိုလည်း ခိုင်ခိုင်မာမာ ကာရံထားကြရမည်ဖြစ်သည်။

အထူးသဖြင့် ဝံသာနုရက္ခိတ တရားဟူသော အမျိုးကိုချစ်သည့်စိတ်ထား၊ အမျိုးစောင့်တရား ရင့်သန်ကြံ့ခိုင်ခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်သည်။ မိမိတို့၏ ရိုးရာဓလေ့စရိုက် ယဉ်ကျေးမှုကို တန်ဖိုးထား ထိန်းသိမ်းနိုင်ခြင်းမရှိပါက အမျိုးဂုဏ်၊ ဇာတိဂုဏ် လျော့ပါးပြီး နိုင်ငံနှင့်လူမျိုးပါ ပျောက်ကွယ်သွားနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ယနေ့ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုများနှင့်အတူ သိပ္ပံနှင့်နည်းပညာများ၊ အတွေးအခေါ်၊ အသိအမြင်၊ ဗဟုသုတများ ခေတ်နှင့်အညီ တိုးတက်မြင့်မားလာခြင်းသည် ကောင်းသောလက္ခဏာရပ်ဖြစ်သည်။

သို့သော် ယဉ်ကျေးမှုနှင့် စီးပွားရေး တံခါးပေါက်များမှတစ်ဆင့် စိမ့်ဝင်ထိုးဖောက်လာသည့် ပြည်ပမှ တေးဂီတ၊ သီဆို တင်ဆက်မှု၊ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုများကို တစ်သဝေမတိမ်း အတုယူ ပြောင်းလဲကျင့်သုံးလာခြင်းမျိုး မရှိစေရန်မှု သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။

အထူးသဖြင့် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်နှင့် မကိုက်ညီသည့် လူနေမှုပုံစံကျင့်သုံးလာမှု၊ မြန်မာ့လူမှုပတ်ဝန်းကျင် အမြင်မတင့်တယ်သည့် မလုံမခြုံဝတ်စားဆင်ယင်မှု၊ ဟီရိဩတ္တပ္ပတရားကင်းမဲ့သည့် နေထိုင်ပြုမူပြောဆိုမှုများ မပြုလုပ်ကြစေရေး ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် လိုအပ်သည်။

မျိုးဆက်သစ် လူငယ်လူရွယ်များအပါအဝင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက ပြည်ပယဉ်ကျေးမှု၊ လူနေမှုဓလေ့စရိုက်နှင့် ဝတ်စားဆင်ယင်မှုများကို ခေတ်မီဆန်းသစ်သည်ဟု သတ်မှတ်ယူဆကာ အတုယူမမှားစေရန် သတိပြုကြရမည် ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားပြီး မြန်မာ့ဓလေ့စရိုက်နှင့်အညီ ဝတ်စားဆင်ယင် ပြုမူနေထိုင်ကြခြင်းဖြင့် မျိုးရိုးဇာတိဂုဏ်အင်မြင့်မားရေး ထာဝစဉ် ထိန်းသိမ်းမြှင့်တင်နိုင်မည် ဖြစ်ပါသည်။ ။

# ဝန်ကြီးဗိုလ်ချုပ်အောင်မင်း တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်သော ဝန်ထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၂၅

**၂၀၀၆–၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းကအမှာစကားပြောကြားပြီး ခြောက်ဘာသာဂုဏ်ထူးရရှိသော ကျောင်းသား၊ ကျောင်းသူသုံးဦးအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

**ချီးမြှင့်**

ဆက်လက်၍ ဒုတိယ ဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က ငါးဘာသာဂုဏ်ထူးရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ကြသည်။

ထို့နောက် ဆုရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်ရဲမင်းသန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၏ သား၊ သမီးများသည် တက္ကသိုလ်ဝင် စာမေးပွဲများတွင် ခြောက်ဘာသာသုံးဦး၊ ငါးဘာသာရှစ်ဦး၊ လေးဘာသာ ၁၂ ဦး၊ သုံးဘာသာ ၁၄ ဦး၊ နှစ်ဘာသာ ၂၁ ဦး၊ တစ်ဘာသာ ၆၁ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၄၅၉ ဦး စုစုပေါင်း၅၇၈ဦး အောင်မြင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ၂၀၀၆–၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့်ဝန်ထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသော ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (ရထား)

# မေတ္တာအခါတော်နေ့တရားတော်နှင့် အစောင့်ကောင်းတရားတော် အသံလွှင့်ဟောကြားမည်

ရန်ကုန် ဩဂုတ် ၂၅

၁၃၆၉ ခုနှစ် ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) ၂၀၀၇ခုနှစ် ဩဂုတ် ၂၈ ရက်(အင်္ဂါနေ့) နံနက် ၇ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့–အဖွဲ့ဝင် ပဲခူးတိုင်း ပဲခူးမြို့ ကံထူးဓမ္မရိပ်သာကျောင်း ပဓာန နာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝါယမက မေတ္တာအခါတော်နေ့ တရားတော်ကိုလည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် မြန်မာ့အသံ မြန်မာပိုင်း အစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့–အဖွဲ့ဝင် ပဲခူးတိုင်း တောင်ငူမြို့ မြစည်းခုံစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝံသက အစောင့်ကောင်း တရားတော်ကိုလည်းကောင်း အသံလွှင့် ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ပျံလွန်တော်မူသော ဆရာတော် ဦးတေဇနှင့် ကွယ်လွန်သူ ဦးပေါ်ထွန်းဖြူအား ရည်စူး၍ ရန်ကုန်မြို့ အရှေ့ကြို့ကုန်း အင်းစိန်မြို့နယ် (၁၀)လမ်းနေ ဒေါ်လှစောခိုင်နှင့် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# သီရိလင်္ကာဆရာတော် အန္တိမအဂ္ဂိစျာပနဓမ္မသဘင်

ရန်ကုန် ဩဂုတ် ၂၅

သက်တော်ရှည် သီရိလင်္ကာ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိဂ္ဂဝ၏ အန္တိမအဂ္ဂိစျာပန ဓမ္မသဘင်ပူဇာပွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၈) ရပ်ကွက် တပင်ရွှေထီးလမ်း မင်္ဂလာအေးကျောင်းတိုက်အတွင်းတွင် ညစဉ် ၇နာရီခွဲ၌ကျင်းပမည်ဖြစ်ရာ ဩဂုတ် ၂၇ ရက် (တနင်္လာနေ့)၌အရှင်ဆေကိန္ဒ(ဓမ္မဒူတ)၊ ၂၈ရက်(အင်္ဂါနေ့)၌အရှင်နန္ဒဝံသ(ကနေဒါ)၊ ၂၉ ရက် (ဗုဒ္ဓဟူးနေ့)၌ ဒေါက်တာ စန္ဒာဝရာဘိဝံသ (ကျိုက္ကလို့)၊ ၃၀ ရက် (ကြာသပတေးနေ့)၌ ဓမ္မာစရိယ အရှင်ဝီရိယ(တောင်စွန်း)၊ ၃၁ ရက် (သောကြာနေ့)၌ အရှင်ဝိလာသဂ္ဂ (သဒ္ဓမ္မရံသီရိပ်သာ)၊ စက်တင်ဘာ ၁ ရက် (စနေနေ့)၌ အရှင်ပညာဝံသ (ပီနန်ဆရာတော်ကြီး)တို့က တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

# ကျန်းမာသန့်ရှင်း၍ အန္တရာယ်ကင်းသော အစားအစာများ ချက်ပြုတ်မှုအရည်အသွေးမြင့်မားရေး နည်းပြသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၅

**ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ကျန်းမာသန့်ရှင်း၍ အန္တရာယ်ကင်းသော အစားအစာများ ချက်ပြုတ်မှု အရည်အသွေးမြင့်မားရေး နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာစောင်ရေ ၁၅၀၀ ကို ပေးအပ်ရာ ဒေါ်မာမာဝေ လက်ခံရယူသည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက သင်တန်းထောက်ပံ့ကြေး ငွေကျပ် နှစ်သိန်းကို ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဩဂုတ် ၂၀ ရက်တွင် ဖွင့်လှစ်သည့် သင်တန်းသို့ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ တစ်မြို့နယ်လျှင် ငါးဦးစီဖြင့် စုစုပေါင်း သင်တန်းသား၊သင်တန်းသူ ၄၀ တက်ရောက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ လှိုင်သာယာမြို့နယ် ကျန်းမာသန့်ရှင်း၍ အန္တရာယ်ကင်းသော အစားအစာများ ချက်ပြုတ်မှု အရည်အသွေးမြင့်မားရေး နည်းပြသင်တန်းဖွင့်ပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ပေးအပ်စဉ်။** (သတင်းစဉ်)




**ရန်ကုန်မြို့ တာမွေမြို့နယ် မအူကုန်း ၁၃၄ လမ်းနေ ကွယ်လွန်သူ ဦးဖေသိမ်း(အငြိမ်းစား–ရဲမှူး) အား ရည်စူး၍ ဒေါ်လှလှ၊ ဦးဝင်းအောင်၊ ဒေါ်ခင်အေးမူနှင့် မောင်ရဲနောင်ဦးတို့က သုံးထပ် ဘိုးဘွားဆောင်သစ်ကြီး အခန်းငယ် တစ်ခန်းအတွက် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။**

(ဘိုးဘွားရိပ်သာ)

➪ ရှေ့ဖုံးမှ
ရိပ်သာ၌ တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်နှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တကောင်း–ကသာ လမ်းဖောက်လုပ်ရေး စီမံကိန်းအင်ဂျင်နီယာမှူး ဦးညီညီက တွင်းငယ်–မိုးမိတ်ကားလမ်းပေါ်ရှိ တံတားအမှတ်(၅/၂၄) ကင်းချောင်းတံတား ရေတိုက်စားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တံတားပြန်လည်ပြုပြင်ရာ၌ စနစ်တကျတွက်ချက်ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုးမိတ်မြို့ မြို့ကျက်သရေဆောင်ခန်းမ၌ မြို့မိမြို့ဖများ၊ ဒေသခံတောင်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံသည်။

ရှေးဦးစွာ မိုးမိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကြည်က မြို့နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုးမိတ်မြို့နယ် ရေအားလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းအတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသည့် ငွေကျပ်သိန်း၅၀ကို ပေးအပ်လှူဒါန်းရာ ရေအားလျှပ်စစ်ရရှိရေးကော်မတီဝင်များက လက်ခံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မိုးမိတ်ဒေသသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ စိုက်ပျိုးရေးလုပ်ငန်းတွင် အားထားရသည့် ဒေသဖြစ်သည်နှင့်အညီ ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ စပါးကျီတစ်ခုဖြစ်ကြောင်း၊ ယခုအခါ မိုးမိတ်ဒေသတွင် ဒေသဝမ်းစာဖူလုံနေသည့်အပြင် ပိုလျှံ၍ ဝမ်းမြောက်မိပါကြောင်း၊ သို့ရာတွင်မိုးမိတ်ဒေသ၌ မြေလွတ်မြေရိုင်း မြောက်မြားစွာရှိသေး၍ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုအခါ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် စပါး တစ်ဧကတင်း ၂၅၀အထက် ထွက်ရှိသူမြောက်မြားစွာရှိရာ မိမိဒေသအတွက် ဂုဏ်ယူစရာဖြစ်ကြောင်း၊ စပါးသာမဟုတ်ဘဲ နိုင်ငံတော်မှ ကြံပန်းတိုင်အထွက်နှုန်း တန်၃၀သတ်မှတ်သော်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ တန် ၆၀အထက် ထွက်ရှိနေသည်ကို ခရီးစဉ်၌တွေ့ရှိရသဖြင့် ကြံကိုလည်း တိုးချဲ့စိုက်ပျိုးစေလိုကြောင်း၊ ထို့ပြင် ရေရှည်၌ စီးပွားရေးတွက်ခြေကိုက်သော ရော်ဘာကိုလည်း စိုက်ပျိုးကြစေလိုကြောင်း၊ ဒေသတွင်း ခြံစည်းရိုးကြက်ဆူပင်ကိုလည်း လျာထားချက်အတိုင်း စိုက်ပျိုးကြရမှာဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုးမိတ်မြို့နယ် လူမှုရေးအသင်းအဖွဲ့တို့အား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် လမ်းဘေးဝဲ/ယာ၌ ဖြစ်ထွန်းအောင်မြင်နေသည့် သစ်တောကြိုးဝိုင်းကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး မဘိမ်းမြို့နယ် ရော်ဘာစမ်းသပ်စိုက်ခင်းနှစ်ကေသို့ ရောက်ရှိပြီး တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ရော်ဘာစိုက်ပျိုးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။




**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုးမိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအား လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။** (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်တွင် ၂၀၀၇–၂၀၀၈ခုနှစ်၌ ရော်ဘာ၉၂၉ဧက စိုက်ပျိုးပြီး ၂၀၀၈–၂၀၀၉ခုနှစ်တွင် ဧက ၁၀၀၀ ထိ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မဘိမ်းမြို့ ကုန်းခါးရပ်ကွက်ရှိ ဆင်းရွှေလီစပါး(R)မျိုးသန့်ဇုန်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပတ်ဝန်းကျင်ရှိ တောင်သူလယ်သမားများအားလည်း လာရောက်လေ့လာစေပြီး တစ်နယ်လုံး ယခုကဲ့သို့အထွက်တိုးစိုက်ပျိုးရေး စည်းရုံးဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မဘိမ်းမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ရွှေလီမြစ်ကမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မဘိမ်းမြို့နယ်ခန်းမ၌ မြို့မိမြို့ဖများ၊ ဒေသခံတောင်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မဘိမ်းမြို့နယ်ဥက္ကဋ္ဌ ဦးမိုးမြင့်က မဘိမ်းမြို့နယ် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပညာရေးဌာနငွေပဒေသာပင်အတွက် အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်ကြည်သိန်းက လက်ခံယူသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် မဘိမ်းမြို့၏ စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းမှုများတွေ့ရ၍ ဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စပါးပန်းတိုင် အထွက်နှုန်းတစ်ဧက တင်း၁၀၀ သတ်မှတ်ထားရာ ယခုအခါတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)သည် စပါးတစ်ဧကတင်း၂၅၀ အထက်ပင် ကျော်လွန်ကြောင်း၊ မဘိမ်းမြို့နယ်မှ တောင်သူဦးမင်းမောင်၏လယ်မှာ တစ်ဧက၂၈၅တင်းထွက်ရှိနေကြောင်း၊ ရှမ်းပြည်နယ်သည် ရေခံမြေခံကောင်း၍ မြေလွတ်မြေရိုင်းများလည်းရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသ၌ဖြစ်ထွန်းနိုင်သမျှ မြေပဲ၊ ကြံ၊ ရော်ဘာနှင့် ခြံစည်းရိုး ကြက်ဆူပင်များကိုလည်း တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်းဖြင့် အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မဘိမ်းမြို့နယ် လူမှုရေးအသင်းအဖွဲ့များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မဘိမ်း–မိုးမိတ်ကားလမ်းဘေးတစ်လျှောက် ဖြစ်ထွန်းအောင်မြင်နေသည့်သစ်တောစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆက်လက်ထွက်ခွာလာရာ မိုးမိတ်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်စည်ပင်သာယာတို့ပူးပေါင်း၍ မင်္ဂလာတောင်ညွန့် မီးရထားရပ်ကွက်၌ ခြင်ဆေးမှုတ်ခြင်း၊ ဖျန်းခြင်းတို့ကို ဆောင်ရွက်ရာ ရန်ကုန်တောင်ပိုင်းခရိုင် ကျန်းမာရေး(ဌာနခွဲမှူး) ဒေါက်တာ သန်းသန်းလွင်၊မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (သတင်းစဉ်)



# မော်လမြိုင်မြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၅**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၁၉ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက ပြိုင်ပွဲကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ ဖွင့်ပွဲသို့ မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစောလှမြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီသီရိုန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်မြင့်၊ မြို့နယ်သဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးတိုင်းကျော်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။ (သတင်းစဉ်)



# မဟာသိမ်တော်ကြီး တရားပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ ၁၃၆၉ ခုနှစ် ဝါခေါင်လပြည့်နေ့၊ ဩဂုတ် ၂၈ရက်(အင်္ဂါနေ့) ည ၇ နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ် မိုးမိတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇဝန္တ က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# ခရီးသွားလုပ်ငန်းတိုးတက်ရေးဆိုင်ရာ ရွှေနေခြည်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

**ရန်ကုန် ဩဂုတ် ၂၅**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်အတွက် ရွှေနေခြည်မဂ္ဂဇင်းအား ၂၀၀၆ခုနှစ် နှစ်ကုန်ပိုင်း၌ ပထမအကြိမ် ထုတ်ဝေခဲ့သည်။ ၂၀၀၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဒုတိယအကြိမ်အဖြစ် ရွှေနေခြည်မဂ္ဂဇင်းကို ထပ်မံထုတ်ဝေမည်ဖြစ်ပြီး ရည်ရွယ်ချက်မှာခရီးသွားဆိုင်ရာလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးသွားအသိပညာသုတဖြန့်ဖြူးရန်နှင့်ခရီးသွားဆိုင်ရာ သတင်းအချက်အလက်များကို မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်းပျံ့နှံ့သိရှိစေရန်ဖြစ်သည်။

အဆိုပါ မဂ္ဂဇင်း၌ ခရီးသွားမှတ်တမ်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနစာတမ်းများ၊ ဆောင်းပါးများ၊ ဝတ္ထုတို၊ ကဗျာနှင့် ကာတွန်းစသည်ဖြင့် သုတ၊ ရသ ကဏ္ဍစုံလင်စွာပါဝင်မည်ဖြစ်ပြီး ပါဝင်ရေးသားလိုသော စာမူရှင်များအနေဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း သတင်းနှင့် ပြန်ကြားရေးကောင်တာ (Information Counter) အမှတ်(၇၇/၉၁) ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း၀၁–၂၅၂၈၅၉၊ ၀၁–၃၇၈၃၇၆ သို့ စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထားပေးပို့ရန်ဖြစ်ကြောင်းနှင့် မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားပေးပို့နိုင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၆–၈–၂၀၀၇ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | အနှိုင်းမဲ့မီးတရားတော် အပိုင်း(၁) (ဆရာတော်အရှင်ဆန္ဒာဓိက) |
| ၈း၀၅ | Sunday Talk (မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)၊ ဒေါက်တာခင်မောင်ညို) |
| ၉း၀၀ | တေးဂီတအစီအစဉ် |
| ၉း၀၅ | ကျီးသဲမြို့မှစည်းလုံးချည် |
| ၉း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၀ | "သစ္စာတရားဖြန့်ဖြူးရာဝယ်" ဒေါက်တာချစ်ငယ် (ဒသဿန)Ph.D |
| ၁၀း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၅ | တေးဂီတအစီအစဉ် |
| **၁၀း၁၀** | **နောက်မကျရအောင် (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ–ကြည်စိုး)** |
| ၁၀း၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၅ | ခေတ်မီပျား မွေးမြူရေးလုပ်ငန်း (ပျားနို့ထုတ်လုပ်ခြင်း) |
| ၁၀း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၅ | စွမ်းရည်မြင့်မား လယ်ယာ(၁၆)လက်တွန်း ထွန်စက်တာယာများ |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၂း၁၅ | မိသားစုဖျော်ဖြေရေး ကိရိယာများ Panasonic မှ အလေးထား |
| ၁၂း၃၀ | တေးဂီတအစီအစဉ် |
| ၁၂း၃၅ | Movie Mistakes (THE MASK) |
| ၁၂း၃၀ | တေးဂီတအစီအစဉ် |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ် များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**2007-2008 English Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၅၅ | Middlesbrough-Newcastle | ESPN(Live) |
| ၉း၂၀ | Man United-Tottenham | ESPN(Live) |



ပီရူးနိုင်ငံ ပီစကိုမြို့အနီး ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် တံတားတစ်စင်းကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ခရီးသွားကတ်ပြားထုတ်ပေးရေး အစီအစဉ် မလေးရှားနှင့် ဘရူနိုင်း အကောင်အထည်ဖော်မည်

**ကွာလာလမ်ပူ ဩဂုတ် ၂၄**

မလေးရှားနှင့် ဘရူနိုင်းနိုင်ငံတို့အကြား ခရီးမကြာခဏသွားလာရသူများအတွက် ခရီးသွားကတ်ပြား ထုတ်ပေးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရန် နှစ်နိုင်ငံ သဘောတူညီချက်ကို လက်မှတ်ရေးထိုးမည် ဖြစ်ကြောင်း ဩဂုတ် ၂၃ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

နှစ်နိုင်ငံနယ်စပ်ဒေသရှိ စစ်ဆေးရေးဂိတ်များတွင် ခရီးမကြာခဏသွားလာသူများ ရင်ဆိုင်ရလေ့ရှိသည့် ပြဿနာများကို ဖြေရှင်းနိုင်ရန် နှစ်ဖက်အစိုးရအဖွဲ့များက သဘောတူညီခဲ့ကြသည်။

အမြဲတစေ ခရီးသွားလာရသူများအတွက်ခရီးသွားလာခွင့်ကတ်ပြားထုတ်ပေးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရန် စက်တင်ဘာ၁၀ရက်၌ သဘောတူညီချက်ကို လက်မှတ်ရေးထိုးမည် ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် ဘာဒါဝီက ပြောကြားသည်။

ဘာဒါဝီသည်မကြာသေးမီက ဘရူနိုင်းနိုင်ငံသို့သွားရောက်ခဲ့ပြီးတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ မလေးရှားနှင့် ဘရူနိုင်းနိုင်ငံအကြား မကြာခဏ ခရီးသွားလာရသူများအတွက် နိုင်ငံကူးလက်မှတ်မလိုအပ်ဘဲခရီးသွားကတ်ပြား အသုံးပြုနိုင်ရန်လမ်းပွင့်သွားမည်ဖြစ်သည်။

မလေးရှားနှင့် ဘရူနိုင်းနိုင်ငံတို့သည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးနှင့် ပညာရေးကဏ္ဍတို့တွင်လည်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်ရှိကြောင်း ၎င်းက ပြောကြားသည်။ မလေးရှားနိုင်ငံရှိ ဖွံ့ဖြိုးရေးဇုန်နယ်မြေများတွင် ဘရူနိုင်းနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးချုပ်ဘာဒါဝီက ပြောကြားခဲ့သည်။ ***အင်တာနက်။***

## အီရတ်မြောက်ပိုင်း ဘေဂျီမြို့တွင် လောင်စာတင်ကားဖြင့် ဗုံးခွဲတိုက်ခိုက်

**ဘဂ္ဂဒက် ဩဂုတ် ၂၄**

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ရေနံမြို့ဟုခေါ်သော ဘေဂျီမြို့၌ ဩဂုတ် ၂၂ ရက်တွင် ဗုံးဖောက်ခွဲရေးသမားတစ်ဦး လောင်စာတင်ကားဖြင့် ရဲစခန်းကို ဝင်တိုက်ဖောက်ခွဲခဲ့ရာ အနည်းဆုံး ၂၀ သေဆုံးပြီး ၄၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၁၈၀ အကွာ ဘေဂျီမြို့ရှိ ရဲညွှန်ကြားရေးဌာန၏ အရှေ့ဂိတ်ပေါက်ဝကို ဗုံးခွဲသူက ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ထိုအဖြစ်အပျက်ကြောင့် ပေါက်ကွဲမှုဖြစ်ပွားရာ ရဲနှင့် အရပ်သူ၊ အရပ်သား ၁၁ဦး သေဆုံးခဲ့ကြောင်း ဘေဂျီဆေးရုံမှ အကြီးအကဲ ဒေါက်တာ သာမီရာကာဝမ်က ပြောကြားသည်။ ထိုရဲဌာနချုပ်သည် ပြီးခဲ့သော ဇွန်လအတွင်းက တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် နေရာသစ်သို့ ပြောင်းရွှေ့ထားသည့်ရဲစခန်းချုပ်ဖြစ်သည်။ ဇွန်လအတွင်းက တိုက်ခိုက်မှုတွင် ၂၇ ဦးသေဆုံးခဲ့ပြီး ၎င်းတို့အနက် ရဲတပ်ဖွဲ့ဝင် ၁၃ဦး ပါဝင်ကြောင်းသိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## တာလီဘန်စစ်သွေးကြွ ရှစ်ဦးသေဆုံး

**ကဘူး ဩဂုတ် ၂၄**

အာဖဂန်နစ္စတန်နိုင်ငံ ရဲတပ်ဖွဲ့က တာလီဘန်စစ်သွေးကြွ ရှစ်ဦးကို သတ်ဖြတ်ခဲ့ကြောင်း တာဝန်ရှိသူများက ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

ဖာရာပြည်နယ်အနောက်ပိုင်း ဂူလစ်ထန်ခရိုင်တွင် အစိုးရ အဆောက်အအုံကို စစ်သွေးကြွအချို့က တိုက်ခိုက်ခဲ့ကြောင်း၊ စစ်သွေးကြွလေးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဂါဇနီပြည်နယ်ရှိ ရဲစစ်ဆေးရေးဂိတ်ကို တာလီဘန်စစ်သွေးကြွများက တိုက်ခိုက်ခဲ့ရာတွင် စစ်သွေးကြွ လေးဦးသေဆုံးကြောင်း ပြည်နယ်ရဲတပ်ဖွဲ့တပ်မှူး အယ်ဒူလ်ဟာရီက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***




## အီလီနွိုက်စ်ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း လာဘ်စားမှု၊ လိမ်လည်မှုဖြင့် ပြစ်ဒဏ်ကျ

**ချီကာဂို ဩဂုတ် ၂၄**

အမေရိကန်နိုင်ငံ အီလီနွိုက်စ်ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ဂျော့ဂျ် ရိုင်ယန်(၇၃နှစ်)၏ လာဘ်စားမှု၊ လိမ်လည်မှုများနှင့်ပတ်သက်သည့် အယူခံမှုကို တရားရုံးက ပယ်ချလိုက်ပြီး မူလပြစ်ဒဏ်ကို အတည်ပြုခဲ့သည်။

၎င်းအပေါ် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၆ ရက်က ချမှတ်ခဲ့သော ပြစ်ဒဏ်မှာ ခြောက်နှစ်ခွဲဖြစ်သည်။ အပြစ်ဒဏ်ချမှတ်ရာ၌ အုပ်ချုပ်ရေးမှူးဟောင်း ရိုင်ယန်နှင့် ၎င်း၏မိတ်ဆွေလာရီဝါနာတို့ကိုပါ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

**အတည်ပြု**

တရားခံများ၏ ဂုဏ်အရှိန်အဝါကြောင့် အမှုကိုစီရင်ရာ၌ ဂျူရီလူကြီးများအတွက် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည်ဟုဆိုသည်။ သို့ရာတွင် အမှုကိုစီရင်ရာ၌ မျှတမှန်ကန် စီရင်နိုင်ခဲ့ကြောင်း အယူခံရုံးက သုံးသပ်ပြီး မူလစီရင်ချက်ကို အတည်ပြုခဲ့သည်။

၎င်းတရားခံများသည် တရားမဝင်လုပ်ငန်းများ လုပ်ကိုင်မှု၊ လာဘ်စားမှု၊ မတရားကြံစည်မှု၊ အတုအပပြုလုပ်မှု၊ လိမ်လည်မှု၊ နီးစပ်ရာကို မျက်နှာသာပေး၍ လုပ်ငန်းချထားပေးမှု စသည့်စွဲချက်များဖြင့် ပြစ်ဒဏ်စီရင်ခံရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***



အမေရိကန်နိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးရေချိန် ၁၂လက်မအထိ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် မြေပြိုမှုဖြစ်ပွားခဲ့သည့် မီနီဆိုတာပြည်နယ် စီအိုနာမြို့တစ်နေရာကို ဩဂုတ် ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ရုရှားမှစစ်ဘက်ယာဉ်များ အင်ဒိုနီးရှားဝယ်ယူမည်

**ဂျကာတာ ဩဂုတ် ၂၄**

အင်ဒိုနီးရှားသည် စစ်ဘက်သုံးရဟတ်ယာဉ်များနှင့် ရေငုပ်သင်္ဘောများဝယ်ယူရန် ရုရှားထံမှ ချေးငွေ အမေရိကန်ဒေါ်လာ တစ် ဘီလီယံ ရရှိကြောင်းသတင်းများအရ သိရှိရသည်။ အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ဌာနက အဆိုပါ ချေးငွေကို အမ်အိုင်-၁၇ ရဟတ်ယာဉ် ၁၀ စင်း၊ အမ်အိုင်-၃၅ ပီ ရဟတ်ယာဉ်ငါးစင်း၊ ရေငုပ်သင်္ဘောနှစ်စင်း၊ ခြေလျင်တပ်သုံး မော်တော်ယာဉ်အစီး ၂၀ နှင့် အင်ဒိုနီးရှားလေတပ်သုံး ဆူခွိုင်းတိုက်လေယာဉ်လေးစင်းအတွက် လက်နက်ပစ္စည်းများ ဝယ်ယူရာတွင် အသုံးပြုမည်ဖြစ်သည်။ အဆိုပါလက်နက်များကို ရုရှားထံမှ ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ကြားကာလတွင် ဝယ်ယူသွားမည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပသော ဆူမိုနပန်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူတစ်ဦးကို ဩဂုတ် ၂၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



## ဖိလစ်ပိုင်တောင်ပိုင်း ဇမ်ဘိုအန်ဂါမြို့၌ ဗုံးပေါက်ကွဲ၊ ၁၄ ဦးဒဏ်ရာရ

**မနီလာ ဩဂုတ် ၂၄**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဇမ်ဘိုအန်ဂါမြို့ရှိ အများပြည်သူ ဥယျာဉ်အတွင်း ဩဂုတ် ၂၁ ရက်က ပြင်းထန်သောဗုံးတစ်လုံးပေါက်ကွဲရာ လူ၁၄ဦး ဒဏ်ရာရရှိကြောင်းဒေသခံ အကြီးအကဲက ပြောကြားသည်။

တောင်ပိုင်းဒေသဆိပ်ကမ်းမြို့ ဇမ်ဘိုအန်ဂါရှိ ပလာဇာပါရှင်ပန်းခြံအတွင်း ထိုင်ခုံတစ်လုံး၏ အောက်တွင် ယင်းဗုံးကို ထောင်ထားခဲ့ခြင်းဖြစ်သည်ဟု ရဲအကြီးအကဲ ဂျာမီကာရင်ဂါက ပြောကြားသည်။

ထိုလက်လုပ်ဗုံးတွင် သံတိုသံစများနှင့် ပုလင်းကွဲများမပါရှိပေ။ ထိုအချက်ကိုထောက်ရှု၍ ယင်းဖောက်ခွဲမှုသည် လူသေစေရန် ရည်ရွယ်၍ လုပ်ဆောင်ခြင်းမဟုတ်ဘဲ ချောက်ချားစေရန်သာ ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်သည်ကို သိနိုင်သည်ဟု ကာရင်ဂါက ပြောကြားသည်။

မည်သို့ပင်ဖြစ်စေ ထိုပေါက်ကွဲမှုအရှိန်ကြောင့် ဗုံးပေါက်ကွဲရာနေရာနှင့် မလှမ်းမကမ်းရှိ ကုန်တိုက်မှ မှန်များနှင့် ပြတင်းများ အက်ကွဲခဲ့ကြောင်း သိရသည်။ ထိုပေါက်ကွဲမှုသည် ဂျာဗား အစ္စလာမ်မီးယားနှင့် အဘူဆေးယက်ဖ်သောင်းကျန်းသူများနှင့် အဆက်အစပ်ရှိနိုင်သည်ဟု ဖိလစ်ပိုင်လုံခြုံရေးအရာရှိများက ဆိုသည်။

မကြာသေးမီ လများအတွင်းက ဘာဆီလန်နှင့် ဂျိုလိုကျွန်းဒေသများတွင် ဖိလစ်ပိုင်တပ်ဖွဲ့ဝင် ၅၀ ကျော် သေဆုံးခဲ့ရသည်။ ထိုကိစ္စကြောင့် ဖိလစ်ပိုင်တပ်ဖွဲ့များက ယင်းဒေသများ၌ စစ်ဆင်ရေးများ ဆောင်ရွက်လျက်ရှိသည်။ ယင်းစစ်ဆင်ရေးကို အာရုံထွေပြားအောင် လမ်းလွှဲသည့်အနေဖြင့် ယခုကဲ့သို့ ဗုံးဖောက်ခွဲခြင်း ဖြစ်နိုင်ဟု ကာရင်ဂါက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## ဆုမတြားကျားနှင့် ရှားပါးတိရစ္ဆာန် ထိန်းသိမ်းရေး အင်ဒိုနီးရှားနှင့် ဩစတြေးလျ သဘောတူညီ

**ဂျကာတာ ဩဂုတ် ၂၄**

အင်ဒိုနီးရှားနှင့် ဩစတြေးလျနိုင်ငံတို့သည်ဆုမတြားကျားမျိုးနှင့်ရှားပါးတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ဩဂုတ် ၂၃ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဆုမတြားကျားမျိုးနှင့်ရှားပါးတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်နှင့် နှစ်နိုင်ငံရှိ တိရစ္ဆာန်ရုံများ ပူးပေါင်း ဆောင်ရွက်ရေးအစီအစဉ်တို့ကိုအကောင်အထည်ဖော်နိုင်ရန်သဘောတူညီချက်တစ်ရပ်ကို မကြာသေးမီက လက်မှတ်ရေးထိုးခဲ့ကြသည်။

အင်ဒိုနီးရှားနိုင်ငံရှိ သစ်တောများအတွင်းကျက်စားနေထိုင်သောဆုမတြားကျားများ မျိုးသုဉ်းပျောက်ကွယ်ခြင်းမရှိစေရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ဆုမတြားကျားမျိုးထိန်းသိမ်းစောင့်ရှောက်နိုင်ရန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားသစ်တောထိန်းသိမ်းရေးနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးညွှန်ကြားရေးမှူးချုပ် အာမန်မယ်လို လွန်ဂန်က ပြောကြားသည်။ ***အင်တာနက်။***





# ဘဏ်များအားလုံး ယခင်အတွေ့အကြုံများအပေါ် အခြေခံ ဘဏ်လုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၅

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံ ဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၈၂)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ်များကြီးကြပ်ရေးကော်မတီနာယက၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါ အစည်းအဝေးသို့ ဘဏ်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ဘဏ်လုပ်ငန်းကဏ္ဍ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းရန် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်များအား လစဉ်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ဘဏ်များအားလုံးသည် ယခင်အတွေ့အကြုံများအပေါ် အခြေခံပြီး ဘဏ်လုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့က ဘဏ်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြရန်ရှိသည်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြီးစီးခဲ့သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်တို့ကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ဘဏ်များသည်လည်း ဝန်ကြီးဌာနနှင့် လက်တွဲပြီး နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ပိုမိုမြင့်မားစေရန်အတွက် အင်တိုက်အားတိုက် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူတို့၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက် မြင့်မားလာစေသကဲ့သို့ လုပ်ငန်းရှင်များ၏ အကျိုးစီးပွားသည်လည်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သဖြင့် သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း မှုတစွာ ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမှာစကားပြောကြား

**ဘဏ်များကြီးကြပ်ရေးကော်မတီနာယက၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံ ဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၈၂)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** (ဘဏ္ဍာ/အခွန်)

## အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်းဖွင့်မည်

**ရန်ကုန် ဩဂုတ် ၂၅**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေး လုပ်ငန်းအဖွဲ့က ကြီးမှူး၍ အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်းကို တနင်္လာနေ့မှ သောကြာနေ့အထိ နှစ်လကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ သင်တန်းသူ အမျိုးသမီး ၂၀ ကိုသာ လက်ခံမည်ဖြစ်ပြီး လျှောက်လွှာများကို ဩဂုတ် ၂၇ရက်မှ စတင်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ရုံး ဖုန်း-၂၅၂၅၈၉ အောင်ဆန်း အားကစားပြိုင်ဝင်း အနောက်ဘက်တန်း ရန်ကုန်မြို့တွင် ရယူကာ စက်တင်ဘာ ၇ရက်နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)




## အကြီးအမှူးဖြစ်စေတတ်သော စာအုပ်ထွက်ရှိ

**ရန်ကုန် ဩဂုတ် ၂၅**

စာရေးဆရာ ချစ်နိုင်(စိတ်ပညာ) ရေးသားသည့် **"အကြီးအမှူးဖြစ်စေတတ်သော"** စာအုပ် **(အပေါ်ပုံ)**ကို နိုင်စာပေမှ ထုတ်ဝေဖြန့်ချိကြောင်း သိရသည်။ စာရေးသူက ဂျာနယ်၊ ဆောင်းပါး၊ ခေါင်းကြီးများမှတစ်ဆင့် မိမိ၏ ပေးဆပ်ချင်သော စေတနာ၊ လောကကောင်းကျိုးကို မျက်နှာမူသော ရင်ထဲမှ ဆန္ဒများကို ထုတ်ဖော်ရေးသားထားကြောင်း တင်ပြထားသည်။ ဆောင်းပါးအပုဒ် ၂၀ ကို စုစည်း ဖော်ပြထားပြီး တန်ဖိုးမှာ ငွေကျပ်၁၀၀၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)




## သံဖြူဇရပ် အထက(၁) ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ပေးပွဲအခမ်းအနားကို ဩဂုတ် ၄ရက်တွင် အဆိုပါကျောင်း၌ကျင်းပရာ သဘာပတိ မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးသန်းစိန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ရွှေမိနှင့် ကျောင်းအုပ်ကြီး ဦးမျိုးချစ်တို့က အမှာစကားပြောကြားကြပြီး ၂၀၀၇-၂၀၀၈ခု ပညာသင်နှစ်အတွက် အမှုဆောင်အသစ်များအား ရွေးချယ်တာဝန်ပေးအပ်သည်။

ယင်းနောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ သံဖြူဇရပ်တပ်နယ်မှ ဗိုလ်မှူးကြီး တင်ထွန်းအောင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်တို့က ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင်ငါးဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၁၂ဦးတို့အား လည်းကောင်း၊ မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးခင်မောင်ဦးက သံဖြူဇရပ်မြို့နယ်၌ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ဒုတိယဆုရရှိသည့် သံဖြူဇရပ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမျိုးချစ်အားလည်းကောင်း **(အပေါ်ပုံ)** ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၁ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးလှထွန်း လေးနှစ်ဆက်တိုက် ပထမဆုရ စတုတ္ထတန်း (က) မှ မထက်စံပယ်နိုင်အား ဆုချီးမြှင့်စဉ်။** (ပညာရေး)

# ရန်ကုန်နှင့်မန္တလေး အဝေးသင်တက္ကသိုလ် အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၅**

၂၀၀၇ခု ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းနှင့် အတန်းတင်စာမေးပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ထုတ်ပြန် ကြေညာသည်။

ပထမအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သိပ္ပံအထူးပြု ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို အောက်တိုဘာ ၅ရက်မှ ၁၂ရက်အထိကျင်းပမည်ဖြစ်ပြီး တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များတွင် စာမေးပွဲစစ်ဆေးခြင်း မပြုလုပ်ဟု သိရသည်။

ဒုတိယအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် ဝိဇ္ဇာအထူးပြုအားလုံး၊ ဥပဒေ၊ (မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်းနှင့်စီးပွားရေးမှအပ)နှင့် စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသားများအတွက် အနီးကပ်ပို့ချသင်တန်းများကို အောက်တိုဘာ ၁၆ရက်မှ ၂၅ရက်ထိ ပြုလုပ်မည်ဖြစ်ပြီး တနင်္ဂနွေနေ့အပါအဝင် သင်တန်းပို့ချခြင်း ပြုလုပ်မည်ဖြစ်သည်။ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် ဝိဇ္ဇာအထူးပြုအားလုံး၊ ဥပဒေ၊ (မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်းနှင့်စီးပွားရေးမှအပ) နှင့် စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို အောက်တိုဘာ ၃၀မှ နိုဝင်ဘာ ၆ရက်ထိ ကျင်းပမည်ဖြစ်ပြီး တနင်္ဂနွေနေ့နှင့် အစိုးရ ရုံးပိတ်ရက်များတွင် စာမေးပွဲစစ်ဆေးခြင်း ပြုလုပ်မည်မဟုတ်ဟု သိရသည်။

တတိယအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ် စီးပွားရေးအထူးပြုအားလုံး၏ အထောက်အကူပြု ဘာသာရပ်များ၊ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်းနှင့် တတိယနှစ်စီးပွားရေးအထူးပြု အားလုံးတို့အတွက် အနီးကပ်ပို့ချသင်တန်းများကို နိုဝင်ဘာ ၉ရက်မှ ၁၈ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး တနင်္ဂနွေနေ့အပါအဝင် သင်တန်းပို့ချခြင်း ပြုလုပ်မည်ဖြစ်သည်။

ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်းနှင့် စီးပွားရေးအထူးပြု အားလုံးတို့အတွက် အတန်းတင်စာမေးပွဲကို နိုဝင်ဘာ၂၂ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များတွင် စာမေးပွဲစစ်ဆေးခြင်း မပြုလုပ်ဟုသိရသည်။

ပထမနှစ်နှင့် ဒုတိယနှစ် စီးပွားရေးအထူးပြုများအတွက် စီးပွားရေးဘာသာရပ်မှအပ ကျန်အထောက်အကူပြု ဘာသာရပ်များအတွက် အနီးကပ်သင်တန်း ပို့ချမည်ဖြစ်သည်။

တတိယနှစ် စီးပွားရေးအထူးပြုများအတွက် ဘာသာရပ်များအားလုံး (စီးပွားရေးဘာသာရပ်များ အပါအဝင်)အနီးကပ်သင်တန်း ပို့ချမည်ဖြစ်သည်။ ပထမနှစ်၊ ဒုတိယနှစ် စီးပွားရေးအထူးပြုနှင့် စီးပွားရေးပေါင်းစပ်ဘာသာရပ်ကျောင်းသားများအတွက် စီးပွားရေးဘာသာရပ်များကို အီလက်ထရွန်နစ်သင်ယူမှုဌာနများတွင် လေ့လာနိုင်ရန် စီစဉ်ထားပြီးဖြစ်သဖြင့် အနီးကပ်သင်တန်းများတွင် ထပ်မံပို့ချတော့မည် မဟုတ်ဟု သိရသည်။

အသေးစိတ်အချိန်ဇယားကို ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ဌာနခွဲအသီးသီးတို့တွင် ဆက်လက် ထုတ်ပြန်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၆-၈-၂၀၀၇ (တနင်္ဂနွေနေ့ )**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်** |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၅။ | ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ |
| ၈း၂၀ | ၆။ | အတီးပြိုင်ပွဲ |
| ၈း၃၀ | ၇။ | International News. |
| ၈း၄၅ | ၈။ | Say it in English. |
| ၉း၀၀ | ၉။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | ၃။ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ် |
| ၁၁း၄၀ | ၄။ | **မြန်မာရုပ်ရှင် "ကြည်ပြာ" (ထွန်းထွန်းဝင်း၊ မေဝင်းမောင်) (ဒါရိုက်တာ-ကြီးမြင့်)** |
| ၁း၃၅ | ၅။ | သတိပြုစရာ သွေးလွန်တုပ်ကွေးရောဂါ (အပိုင်း-၂) |
| ၁း၅၀ | ၆။ | သက်တံရောင်သံစဉ် |
| ၂း၀၅ | ၇။ | ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ |
| ၂း၁၅ | ၈။ | တေးဂီတအစီအစဉ် |
| ၂း၃၀ | ၉။ | စွမ်းဆောင်မှုမှာ စံတင်ထားသူ့ရဲ့အမည်ချင်းတွင်းသား |
| ၂း၄၅ | ၁၀။ | International News. |
| ၃း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၄း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၃၀ | ၃။ | **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အင်္ဂလိပ်စာ အထူးပြု) (အင်္ဂလိပ်စာ)** |
| ၄း၅၀ | ၄။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၅း၀၀ | ၅။ | ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ) (အခြေခံပညာ၅-၁၀နှစ်) (အမျိုးသား၊ အမျိုးသမီး) |
| ၅း၁၀ | ၆။ | ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ(ပြဇာတ်ပြိုင်ပွဲဆွေးနွေးခန်း) (အပိုင်း-၂) |
| ၅း၂၅ | ၇။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၆း၀၀ | ၈။ | ညနေခင်းသတင်း |
| ၆း၃၀ | ၉။ | မိုးလေဝသအခြေအနေ |
| ၆း၃၅ | ၁၀။ | သီရိဂေဟာ |
| ၇း၀၀ | ၁၁။ | ကြံတောင်သူတွေဝင်ငွေသုံးဆတိုးဖို့ ဆင်းရွှေလီကြံစိုက်ကြစို့(အပိုင်း-၁) |
| ၇း၁၀ | ၁၂။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၅၅)** |
| ၈း၀၀ | ၁၃။ | ပြည်တွင်းသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်းများ |
| | ၁၅။ | မိုးလေဝသအခြေအနေ |
| | ၁၆။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာနှောင်ကြိုး (အပိုင်း-၁၈)** |
| | ၁၇။ | နောက်တစ်နေ့အစီအစဉ် |
| | ၁၈။ | အစီအစဉ်ပြီး၏။ |

### ✳ တိုင်းမှူးမှ

အဆိုပါ အခမ်းအနားတွင် စပါးခင်းဧက ၄၀ အတွက် တစ်ဧကလျှင် ငါးသားပေါက် ကောင်ရေ ၁၀၀၀ နှုန်းဖြင့် ငါးခုံးမကြီးကောင်ရေ ၂၀၀၀၀၊ ရွှေဝါငါးကြင်း ကောင်ရေ ၁၆၀၀၀ နှင့် တီလားပီးယား ကောင်ရေ ၄၀၀၀ စုစုပေါင်း ငါးသားပေါက် ကောင်ရေ ၄၀၀၀၀ ကို စိုက်ထည့်ပေးကြောင်း သိရှိရသည်။

**မှာကြားညွှန်ကြားဆောင်ရွက်ပေး**

ဆက်လက်၍ တိုင်းမှူးသည် ရန်အောင်မြင် ကျေးရွာအုပ်စုမှ တောင်သူ ဦးမောင်တင့်၏ ဒေသအထွက်ကောင်း ဆင်းသွယ်ရင် စပါးမျိုးများ ပျိုးထောင် ပြင်ဆင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

အဆိုပါ ဒေသအထွက်ကောင်း စပါးမျိုးများကို ဘောင်ပျိုးစနစ်ဖြင့် ပျိုးထောင်ပြီး ပျိုးသက်နုစနစ်ဖြင့် စနစ်တကျ စိုက်ပျိုးသောနည်းစနစ်ကို နေပြည်တော် ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော်တပ်ကုန်းမြို့နယ်တို့၌ ငါးဧကစီ စိုက်ပျိုးပြသထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### ❀ ပြည်ထောင်စုမြန်မာနိုင်ငံမှ

ရှေးဦးစွာ ရတနာကုန်သည်များက ဩဂုတ် ၂၁ ရက်မှ ဩဂုတ် ၂၄ ရက်အထိ ကြည့်ရှုခဲ့ကြပြီး BARGAIN စနစ်ဖြင့် ဝယ်ယူရန် သက်ဆိုင်ရာ တင်ဒါပုံးများတွင် ထည့်သွင်းထားသော ဖွင့်ဖောက်ရန် ကျန်ရှိနေသည့် ကျောက်စိမ်း BARGAIN FORM များကို စစ်ဆေးရေးအဖွဲ့များက နံနက် ၇ နာရီခွဲတွင် ဖွင့်ဖောက်စစ်ဆေး၍ နံနက် ၉ နာရီတွင် စတင်ရောင်းချရာ ကျောက်စိမ်း ၄၀၄ တွဲ ရောင်းချရပြီး နံနက် ၁၁ နာရီခွဲတွင် အောင်မြင်စွာ ကျင်းပပြီးဆုံးသွားသည်။ ယမန်နေ့ကလည်း ကျောက်မျက် အတွဲပေါင်း ၂၁၂ တွဲ ရောင်းချခဲ့ရသည်။

ရောင်းချပွဲတွင် အမြင့်ဆုံးဈေးပေး၍ ဝယ်ယူကြသော ရတနာကုန်သည်များအား မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် ဒါရိုက်တာ အဖွဲ့ဝင်များက ဂုဏ်ပြုလက်ဆောင်များကို ချီးမြှင့်ကြသည်။ (သတင်းစဉ်)

### ● နှလုံးမှ

ငါးပုံတစ်ပုံနီးပါး ရှိသည်ဟု ဆိုသည်။ ထိုလူဦးရေအများစုသည် မိမိတို့တွင် ဖြစ်ပေါ်နေသည့် နှလုံးရောဂါ သက်သာစေရန်နှင့် လေဖြတ်မည့် အလားအလာ အခြေအနေကို ကြိုတင်ကာကွယ်နိုင်ရန် ယင်း ဆေးဝါးကို သောက်သုံးခြင်းဖြစ်ကြောင်း ကျန်းမာရေးသုတေသန အေဂျင်စီက လေ့လာတွေ့ရှိခဲ့သည်။

အက်စ်ပရင်ဆေးဝါးသည် ကိုယ်အပူချိန်ကိုကျစေပြီး အကိုက်အခဲ ဝေဒနာကိုလည်း သက်သာစေသည်။ ထို့အပြင် ယင်းဆေးဝါးသည် သွေးကြောအတွင်း သွေးခဲသည့် အခြေအနေကို တားဆီးနိုင်သဖြင့် နှလုံးဝေဒနာဖောက်ခြင်းနှင့် လေဖြတ်မည့် အခြေအနေများကိုလည်း အကာအကွယ်ပေးနိုင်သည်ဟု ဆိုသည်။

မျက်မှောက်ကာလတွင် အက်စ်ပရင်ဆေးဝါးကို အစားထိုး နေရာယူနိုင်မည့် ဆေးဝါးအသစ် နှစ်မျိုးကို သုံးစွဲလာကြပြီဖြစ်သည်။ ယင်းဆေးဝါး နှစ်မျိုးကို ကိုယ်အပူချိန် ကျစေရန်နှင့် အကိုက်အခဲ သက်သာစေရန်အတွက် သုံးစွဲခြင်း ဖြစ်သည်။ အက်ဆီတာမီဒိမင်းနှင့် အိုင်ဘူပရိုဖင် ဆေးဝါး နှစ်မျိုးသည် အက်စ်ပရင်ဆေးဝါး နေရာ၌ အစားထိုးဝင်ရောက်လာသော ဆေးဖြစ်သည်။

အက်စ်ပရင် ဆေးဝါးသည် ဆိုးကျိုး နှစ်မျိုးကို ဖြစ်စေကြောင်း တွေ့ရသည်။ ယင်းမှာ အစာအိမ်ကို ဒုက္ခပေးနိုင်ခြင်းနှင့် အစာအိမ် သွေးယိုစီးစေခြင်းပင် ဖြစ်သည်။ သို့ရာတွင် အက်စ်ပရင်ဆေးဝါးကို ဆေးဝါးကျွမ်းကျင်သူ၏ အကြံပြု ညွှန်ကြားသည့်အတိုင်း ဆေးချိန်နည်းနည်းကို မှန်မှန်စားသုံးပါက အကျိုးရှိနိုင်သည်ဟု ဆိုသည်။

***အင်တာနက်***

# တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ဇနီး အရန်သားဖွားဆရာမ သင်တန်းဆင်းပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၅

**ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော အရန်သားဖွားဆရာမသင်တန်း တတိယအကြိမ် သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ သုနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။**

အစီအစဉ်အရ ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့က ကျန်းမာရေး ဦးစီးဌာနမှ ပေးအပ်သော အရန်သားဖွားဆရာမသုံး ကစ်ပုံးများကို မြို့နယ် ၁၄ မြို့နယ်မှ သင်တန်းဆင်း အရန်သားဖွားဆရာမများအား ပေးအပ်ရာ သင်တန်းသူ ကိုယ်စားလှယ်များက လက်ခံကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး သင်တန်းသူ မသဇင်ဦးက ကျေးဇူးတင်စကား ပြောကြားကာ တိုင်းမှူးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် အရန်သားဖွားဆရာမသုံး ကစ်ပုံးအတွင်း ပါဝင်သော ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။




အဆိုပါ သင်တန်းသို့ ရန်ကုန်တိုင်း အတွင်း မြို့နယ် ၁၄ မြို့နယ်မှ အရန်သားဖွားဆရာမ သင်တန်းသူ ၁၄၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လ ကြာမြင့်သည်။ ယခု သင်တန်း ဆင်းခြင်းမှာ တတိယအကြိမ် ဖြစ်၍ သင်တန်းသူ ၃၃၁ ဦး တက်ရောက်အောင်မြင်ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပေးအပ်ချီးမြှင့်**

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ကျန်းမာရေး ဦးစီးဌာနမှ ပေးအပ်သော အရန်သားဖွားဆရာမသုံး ကစ်ပုံးများကို ပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

**ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် သံဃာ့ဆေးရုံ ဆေးပဒေသာပင်အတွက် ကွယ်လွန်သူ (ဦးထွန်းခင်–ဒေါ်ခင်ညွန့်)၊ (ဒေါ်ဖြူဖြူဝင်း)တို့အား ရည်စူး၍ ဈေးကုန်းအနောက်ရပ်ကွက် လှိုင်မြစ်လမ်းနေ ဦးအေးရွှေမိသားစုက ငွေကျပ်တစ်သိန်းငါးသောင်းလှူဒါန်းရာ သံဃာ့ဆေးရုံကြီးကြပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးမြင့်ရှိန်နှင့် ဦးလှသန်းတို့ လက်ခံယူစဉ်။**

(က–ပ)




# ရွှေနိုင်ငံ သတင်းဂျာနယ် ထွက်ပြီ

**ရန်ကုန် ဩဂုတ် ၂၅**

ရွှေနိုင်ငံ သတင်းဂျာနယ် အတွဲ (၆) အမှတ်(၇)ကို ယနေ့ ဖြန့်ချိလိုက်ပြီဖြစ်ရာ စိုးသီဟစိုး၏ အာရှစီးပွားရေး အခြေအနေနှင့် ရှေ့အလားအလာ၊ မြင့်သူရ၏ စင်ကာပူ၏ည၊ ချစ်နိုင် (စိတ်ပညာ)၏ ရောက်တတ်ရာရာ၊ ဒေါက်တာ ခင်မောင်ညို၏ လူထုအားတွေ အများကြီးလိုသည်၊ မြတ်ခိုင်၏ တတ်လည်းတတ်နိုင်တဲ့ ကျော်ဟိန်း၊ ထီကိုထီမထင်ကြသူများ ထောင်ဒဏ် ခုနစ်နှစ်ကျခံစေ၊ မော်ကျွန်းစိုးမြင့်၏ ယနေ့ လူငယ်တွေ ဘာကို ပိုမိုစိတ်ဝင်စားနေကြသလဲ၊ ကျော်ရွှေ(ဘီအေစီ)၏ သွေးလွန်တုပ်ကွေးနှင့် အရှေ့တောင်အာရှနိုင်ငံများ၊ ဆက်နောင်၏ ခေါင်းခါးခြေလက် ကကွက်ကျန ရွှေနိုင်ငံ၏အလှ ဆောင်းပါးများ ပါဝင်သည်။

ထို့အပြင် လူကုန်ကူးမှု သတိပြု၊ မြန်မာနိုင်ငံ၏ E-Library အွန်လိုင်း စာကြည့်တိုက်စနစ် အဆင့်မြင့်၊ အိန္ဒိယ ကျောက်မျက်ပြပွဲ မြန်မာရတနာကုန်သည်များအား ဖိတ်ခေါ်၊ တရုတ် ခရီးသွားများ မြန်မာနိုင်ငံသို့ ပိုမိုလာနိုင်ဖွယ်ရှိ၊ မြန်မာ–ဘင်္ဂလားဒေ့ရှ် ဆက်သွယ်ရေးလမ်း ဒေါ်လာ ၁၅ သန်း အကုန်အကျခံဖောက်မည်၊ အမေရိကန်က ပါလက်စတိုင်းကို ဒေါ်လာသန်း ၈၀ဖိုး ကူညီမည်။ ပါကစ္စတန်သို့ ကန်တပ်ဖွဲ့ဝင်များ စေလွှတ်မည်၊ အမေရိကန်၏ အာရပ်သို့ လက်နက်ရောင်းမည့် အစီအစဉ်ကို အီရန်ကဝေဖန်၊ ဟောတီတွင် ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်ဖွဲ့များ ဆက်လက်ထားရန် ကုလ အတွင်းရေးမှူးချုပ် တိုက်တွန်းစသည့် ပြည်တွင်းပြည်ပ သတင်းများ စုံစုံလင်လင်၊ ဓာတ်ပုံများ ဝေဝေဆာဆာဖြင့် ဖော်ပြပါရှိသည်။

ရွှေနိုင်ငံဂျာနယ် ရရှိနိုင်သော နေရာများမှာ ထွန်းဦးစာပေ (မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန် စာအုပ်ဆိုင်၊ မနီလာစာပေ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည် စာအုပ်ဆိုင်များဖြစ်ပြီး စာမူများပေးရန်နှင့် ဆက်သွယ်ရန် လိပ်စာမှာ စာတည်းမှူးချုပ် ရွှေနိုင်ငံ ဂျာနယ် အမှတ် (၂၂၈) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၃၈၂၀၇၀ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# NLD ပါတီ၏ လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိတော့သဖြင့် ပုသိမ်မြို့နယ်နှင့် နေပြည်တော် ပျဉ်းမနားမြို့နယ်တို့မှ ပါတီဝင် လေးဦး နုတ်ထွက်

**ရန်ကုန် ဩဂုတ် ၂၅**

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးဉာဏ်ဝင်းနှင့် ဦးဝင်းမြတ်တို့သည် ဩဂုတ် ၁၇ ရက်တွင်လည်းကောင်း၊ နေပြည်တော်ပျဉ်းမနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ထွန်းထွန်းဝင်း(ခ) ထွန်းထွန်းဝင်းအောင်နှင့် ကျော်ကျော်ထွန်း(ခ)ကျော်စိုးတို့သည် ဩဂုတ် ၂၀ ရက်တွင်လည်းကောင်း ၎င်းတို့ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ပုသိမ်မြို့နယ်နှင့် နေပြည်တော်ပျဉ်းမနားမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့သည် NLD ပါတီ၏ လုပ်ရပ်များကို စိတ်ဝင်စားမှု မရှိတော့ကြောင်း၊ ပါတီနှင့် ပါတီခေါင်းဆောင်တို့အပေါ် ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၆–၈–၂၀၀၇ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် အထီးကျန်ဆန္ဒ**
- ၁:၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂:၀၀ ၈။ ပြီးပါပြီ။

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၂၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၃၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၃၅ ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၄၅ ၁၂။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပဲပေါင်မုန့်" (အပိုင်း–၂၅)**
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းလောကမုန်တိုင်း" ဒုတိယတွဲ (အပိုင်း–၂၇)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။





# နေပြည်တော် ဟိုတယ်ဇုန်များကို နိုင်ငံတကာအဆင့်မီအောင် အမြဲမပြတ် သန့်ရှင်းသာယာလှပနေစေရေး ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၅

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဩဂုတ် ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များဝန်းကျင်နှင့် အတွင်းအပြင် စိမ်းလန်းစိုပြည်သာယာလှပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားရာတွင် နေပြည်တော်ဟိုတယ်ဇုန်များကို ပြည်တွင်း၊ ပြည်ပ ဧည့်သည်များနေ့စဉ် ဝင်ထွက် တည်းခိုလျက်ရှိသဖြင့် နိုင်ငံတကာအဆင့်မီဟိုတယ်များဖြစ်အောင် အမြဲမပြတ် သန့်ရှင်းသာယာလှပနေစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းရှင်များက ဟိုတယ်များမျက်နှာစာနှင့် ဝန်းကျင်တစ်ဝိုက် စိမ်းလန်းစိုပြည်သာယာလှပနေအောင် ကြိုးစားဆောင်ရွက်လျက်ရှိသကဲ့သို့ သတ်မှတ်ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ရာသီမပြတ်စိမ်းလန်းစိုပြည်သာယာလှပရေးကို အလေးထား ဆောင်ရွက်ကြစေလိုကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့်လည်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။** (အပေါ်ပုံ)

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်တစ်ခုချင်းစီအလိုက် မျက်နှာစာနှင့် အတွင်းအပြင် စိမ်းလန်းစိုပြည် သာယာလှပအောင် လက်ရှိ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော ဟိုတယ်လုပ်ငန်းရှင်များက မိမိတို့ ဟိုတယ်အလိုက် မျက်နှာစာနှင့် အတွင်းပိုင်း စိမ်းလန်းစိုပြည်လှပအောင် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဟိုတယ်ဇုန်သို့ သွားရောက်၍ ဟိုတယ်ဇုန် မျက်နှာစာနှင့် ဝန်းကျင်တစ်ဝိုက် စိမ်းလန်းစိုပြည် လှပနေအောင် စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒေဝူးအရောင်းပြခန်း ဖွင့်ပွဲ နှင့် ဒေဝူးလျှပ်စစ်ပစ္စည်း ထုတ်ကုန်သစ်များ မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

**OK Myanmar Co., Ltd. ၏ DAEWOO Show Room ဖွင့်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ အဆိုပါ အရောင်းခန်းမရှေ့၌ ကျင်းပရာ DAEWOO Electronic Corporation မှ Executive Director Mr. Yaung Suk Jun, Mr. In Hee Lee နှင့် OK Myanmar Co., Ltd. Managing Director ဦးကျော်ကျော်လှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များက Show Room တွင် ခင်းကျင်းပြသထားသည့် DAEWOO လျှပ်စစ်ပစ္စည်းများကို လှည့်လည် ကြည့်ရှုကြရာ OK Myanmar Co., Ltd. ဝန်ထမ်းများက ရှင်းလင်းပြသကြသည်။**

အဆိုပါ DAEWOO Show Room ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ညစာစားပွဲနှင့် DAEWOO လျှပ်စစ်ပစ္စည်း ထုတ်ကုန်သစ်များ မိတ်ဆက်ရှင်းလင်းပွဲကို ညနေပိုင်းတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာ၌ ဆက်လက်ကျင်းပရာ အခမ်းအနားတွင် OK Myanmar Co., Ltd. Managing Director ဦးကျော်ကျော်လှိုင်က DAEWOO လျှပ်စစ်ပစ္စည်း အမယ်သစ်များ တိုးချဲ့တင်သွင်းမည့် အခြေအနေများကိုလည်းကောင်း၊ DAEWOO Electronic Corporation မှ Executive Director Mr. Yaung Suk Jun က DAEWOO လျှပ်စစ်ပစ္စည်းများ၏ အရည်အသွေးအာမခံချက်နှင့် နိုင်ငံတကာတွင် လက်ခံသုံးစွဲမှု အနေအထားများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ OK Myanmar Co., Ltd.မှ ဒါရိုက်တာအဖွဲ့ဝင် ဦးဝင်းမြင့်လှိုင်က DAEWOO လျှပ်စစ်ပစ္စည်းများ ဈေးကွက်တွင် ဖြန့်ဖြူးမည့် အခြေအနေများနှင့် အရောင်းကိုယ်စားလှယ်များ အဆင်ပြေ ချောမွေ့စွာ ရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် DAEWOO Electronic Corporation နှင့် OK Myanmar Co., Ltd.မှ တာဝန်ရှိသူများက အရောင်းကိုယ်စားလှယ်တော်ကြီးများအား ရောင်းအားမြှင့်ဆုများ ချီးမြှင့်ကြသည်။ အခမ်းအနားတွင် DAEWOO Electronic Corporation က ထုတ်လုပ်သည့် လေအေးပေးစက်များ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်နှင့် ရုပ်မြင်သံကြားစက်များ၊ DVD ပြစက်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာသူများက လေ့လာကြည့်ရှု အားပေးကြသည်။

OK Myanmar Co.,Ltd. ၏ အစီအစဉ်ဖြင့် DAEWOO အရောင်းပြခန်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် DAEWOO အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများကို မေတ္တာလက်ဆောင်များနှင့်အတူ အထူးဈေးနှုန်းများဖြင့် ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ ခုနစ်ရက် သတ်မှတ်ရောင်းချပေးမည်ဖြစ်သည်။ ဝယ်ယူ အားပေးလိုသူများအနေဖြင့် ရန်ကုန်မြို့ အမှတ်(၁၇၅) ဗိုလ်အောင်ကျော်လမ်းရှိ DAEWOO အရောင်းခန်းမ ဖုန်း– ၂၅၆၉၄၇၊ ၃၉၂၉၈၆၊ ၃၉၂၉၈၇၊ မဟာဗန္ဓုလလမ်းရှိ HQ (I) Electronic အရောင်းဆိုင်၊ ဖုန်း– ၃၇၆၉၉၇ နှင့် ပန်းဆိုးတန်းလမ်းရှိ HQ (II) Electronic အရောင်းဆိုင်၊ ဖုန်း– ၂၄၁၀၇၇၊ ၃၈၇၆၄၄ တို့တွင် ဝယ်ယူနိုင်ပြီး နေပြည်တော် ပျဉ်းမနားရှိ OK Myanmar Sales & Service Centre၊ ဖုန်း– ၀၆၇–၂၂၉၅၃ နှင့် မန္တလေး DAEWOO အရောင်းပြခန်း၊ ဖုန်း– ၀၂–၃၁၅၈၂ တို့တွင်လည်း အလားတူ အထူးဈေးနှုန်းဖြင့် ရောင်းချရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ခင်းကျင်းပြသထားသော DAEWOO လျှပ်စစ်ပစ္စည်း ထုတ်ကုန်သစ်များကို တွေ့ရစဉ်။** (သတင်းစဉ်)





**DAEWOO Show Room ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ညစာစားပွဲနှင့် DAEWOO လျှပ်စစ်ပစ္စည်း ထုတ်ကုန်သစ်များ မိတ်ဆက် ရှင်းလင်းပွဲတွင် OK Myanmar Co., Ltd. Managing Director ဦးကျော်ကျော်လှိုင် ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

# စိမ်းလဲ့ရွှေပြည် သတင်းဂျာနယ် ထွက်ပြီ

ရန်ကုန် ဩဂုတ် ၂၅

ယခုတစ်ပတ်ထုတ် စိမ်းလဲ့ရွှေပြည် သတင်းဂျာနယ် အတွဲ(၄) အမှတ်(၁၈)တွင် ဧရာဝတီ–ကျောက်ဖယားမဲခေါင်ဒေသရှိ နိုင်ငံများတင်ပို့သည့် လယ်ယာထွက်ကုန်များ ထိုင်းနိုင်ငံမှ အခွန်လွတ်ခွင့်ပေးမည်။ မြန်မာဆန်စက်ကုမ္ပဏီလီမိတက်အား အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲမည်၊ မြန်မာ့ငါးရှဥ့်များ မြဝတီ၊ မူဆယ်နယ်စပ်မှတစ်ဆင့် ပြည်ပသို့တင်ပို့၊ တစ်လလျှင် ငါးရှဥ့်တန် ၁၂၀၀ထိ တင်ပို့လျက်ရှိ၊ အာဆီယံ–တရုတ် ကုန်သွယ်မှုလွတ်လပ်စွာလုပ်ဆောင်၊ ခေတ်မီလယ်ယာသုံး စက်ကိရိယာများ ဝင်ရောက် လာသော်လည်း ကျွဲ၊ နွားများ အသုံးပြုနေဆဲ၊ ရောသမမွေ ကြက်သွန်များ ဈေးကွက်အတွင်း ဝင်ရောက်လာမှုကြောင့် ကြက်သွန်ကောင်းများ ဝယ်ယူရန်ခက်ခဲလာ၊ အရှေ့ အနောက်စီးပွားရေးစင်္ကြံလမ်းကြောင်းလေ့လာရန် ဗီယက်နမ်အဖွဲ့ မြဝတီသို့လာရောက်၊ ရော်ဘာတင်ပို့မှု တိုးတက်လာပြီး မလေးရှားဈေးကွက်သို့ စတင်ထိုးဖောက်၊ ပုဂံ–ညောင်ဦး ဒေသများတွင် ထင်းနှင့် မြက်စိုက်ခင်းများ စိုက်ပျိုးအောင်မြင်လျက်ရှိ အစရှိသည့် သတင်းများ အပြင် ဒွေး ဘယ်ရောက်သွားလဲ၊ ဘယ်ဘဝမှာလဲ၊ ၂၀၀၈ ခုနှစ် စက်တင်ဘာမှာ အနုပညာလောကမှ လုံးဝအနားယူပြီး သာသနာ့ဘောင်မှာ ရာသက်ပန် နေတော့မယ့် မင်းသားကြီးကျော်ဟိန်း အစရှိသည့် အနုပညာသတင်းများ၊ ကျော်ဟိန်းနှင့် (၃၁)ဘုံသားကောင်းမှု နတ်လူသာခု ခေါ်စေသော်(မြတ်ခိုင်)၊ မြန်မာသဘင်မှ သုခုမ နယ်ပယ်မှ နတ်ကတော်အကနှင့် အပျိုတော်အက (ဩဘာ–ရန်ကုန်တက္ကသိုလ်)၊ လက်တစ်လုံးခြား(အုပ်စိုးခန့်)၊ အမေ့ရွာ (ကျိုက်ဝိုင်းသား)၊ ဟာသအတိုအထွာများ၊ အချိန်သူခိုးများ သတိထား (မြင်းခြံကျော်အောင်)အပါအဝင် ရသစုံဆောင်းပါးများနှင့် မျက်မှောက်ရေးရာ နိုင်ငံတကာသတင်းများပါဝင်သည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို စာပေဗိမာန်စာအုပ်ဆိုင်၊ ဝါမိုးအောင်၊ ဆင်တောင်ကြီး၊ မနီလာ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည် (သိမ်ဖြူလမ်း) စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်သည်။ စာမူပေးပို့လိုလျှင် စာတည်းမှူးချုပ် စိမ်းလဲ့ရွှေပြည်ဂျာနယ် အမှတ်(၂၂၈) သိမ်ဖြူလမ်း ရန်ကုန် ဖုန်း–၃၈၂၀၇၀သို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သတိပေးနှိုးဆော်ချက်

နေပြည်တော် လမ်းမကြီးများပေါ်တွင် အချို့ယာဉ်မောင်းသူများသည် လမ်းမကြီးများ ကောင်းမွန်ဖြောင့်ဖြူးသည်နှင့်အမျှ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ကြကြောင်း တွေ့ရှိရပါသည်။ မိုးရာသီကာလတွင် မြင်ကွင်းကန့်သတ်ချက်ရှိခြင်းကြောင့် ယာဉ်မတော်တဆမှု အန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ယာဉ်မောင်းများအနေဖြင့် သတ်မှတ်အမြန်နှုန်းအတိုင်းသာ မောင်းနှင်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

လေးလေးစားစား ကမ်းလှမ်းခဲ့တာကို တစ်ဖက်သတ် လုံးလုံးလျားလျား ငြင်းပယ်ခဲ့တာဟာ အဲဒီတုန်းက "အောင်-စု-တင်"တို့အနေနဲ့ ဒီမိုကရေစီကို မှန်မှန်ကန်ကန် ကူးပြောင်းလိုစိတ် လုံးဝမရှိခဲ့လို့ဘဲဆိုတာ ရှင်းနေပါပြီ။ သူတို့အနေနဲ့ ဒီမိုကရေစီကိုသာ တကယ်လိုလား မြတ်နိုးခဲ့ရိုးမှန်ရင် အဲဒီကတည်းက လက်သင့်ခံပြီး ဒီမိုကရေစီနိုင်ငံတော်ကြီးကို အားရဝမ်းသာ တည်ဆောက်ခဲ့ကြရမှာပေါ့။ အခုတော့...။

တကယ်တော့ သူတို့လိုချင်တာ ဒီမိုကရေစီမဟုတ်ပါဘူး။ လူထုကိုသာ ဒီမိုကရေစီရေး အော်ခိုင်းနေပေမယ့် သူတို့လိုချင်တာက "အာဏာ"ပါ။ ကြားဖြတ်အစိုးရဖွဲ့ပြီး အာဏာလက်ထဲရောက်လာဖို့ပါ။ နိုင်ငံနဲ့ပြည်သူ ရဲ့ဆန္ဒကို မင့်ကွက်ဘဲ ပေးလာတဲ့ ဒီမိုကရေစီကိုငြင်းပြီး မရနိုင်တဲ့ အာဏာကိုသာ အတင်းတောင်းခဲ့ကြတာပါ။ ဒါတွေကို ကျွန်တော်တို့ ပြည်သူအားလုံးက သိပြီးသားဖြစ်ပါတယ်။ တစ်ဖက်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ထုံးလုပ်နည်းအရ ကြားဖြတ်အစိုးရဖွဲ့ခွင့်မပေးနိုင်လေတော့ ၈၈ အရေးအခင်း ဒီရေမြင့်လာပြီး နောက်ဆုံး နိုင်ငံနဲ့ပြည်သူပဲ အားလုံး တစ်စစီ ပြန်ကောက်ရတဲ့ဘဝရောက်အောင် ဆုံးရှုံးပျက်စီးနစ်နာခဲ့ကြရပါတယ်။ တစ်နိုင်ငံလုံး အစိုးရအုပ်ချုပ်မှု ယန္တရား ပျက်ယွင်းပြီး မင်းမဲ့စရိုက်လွှမ်းမိုးခဲ့တဲ့အတွက် သတ်ချင်တိုင်းသတ်၊ လုချင်တိုင်းလု၊ ဖျက်ချင်တိုင်းဖျက်၊ ရှို့ချင်တိုင်းရှို့နဲ့ တကယ့်လူသတ်ကုန်း၊ တကယ့်သုသာန်တစပြင်လို ပြည်သူအားလုံး ကျီးလန့်စာစားဘဝ ရောက်ခဲ့ကြရပါတယ်။ အဲဒီအခြေရောက်တော့ လူထုခေါင်းဆောင်ဆိုတဲ့ "အောင်-စု-တင်"တို့ သုံးယောက်ထဲမှာ ဘယ်သူကများ လူထုကို ထိန်းနိုင်ခဲ့ပါသလဲ။ အောင်ရော၊ စုရော၊ တင်ရော၊ ကျန်တဲ့ အရေးအခင်းခေါင်းဆောင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးငယ်များရော

...မတီဝင်ဆိုတဲ့ ကြီးမိုက်ကြီးတွေကလည်း ...ဟင်အမှားမှားနဲ့ မင်းကိုနိုင်အုပ်စုရဲ့ အသုံး ... ကိုယ်လုပ်တဲ့လုပ်ရပ်ဟာ ဘယ်အတိုင်း ...ယ်သူတွေကို ထိခိုက်စေတယ်ဆိုတာလည်း ...မဟုတ် သိသိကြီးနဲ့ ဘယ်သူသေသေ ...ိုးတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

အုတ်အော်သောင်းတင်း ရုန်းရင်းဆန်ခတ်ဖြစ်နေတဲ့ ဆန္ဒပြသူတွေကို တစ်စက်ကလေးမှ မထိန်းနိုင်၊ မဟန့်နိုင်ခဲ့ကြပါဘူး။

ဒီလိုသာ ဆက်လွှတ်ထားရင် ရိုးသားအပြစ်ကင်းတဲ့ ပြည်သူတွေ အတိဒုက္ခရောက်ပြီး ပြည်ပျက်တော့မယ့်အရေးတွေကြောင့် တပ်မတော်က နိုင်ငံတော်ကို မလွှဲမရှောင်သာ တာဝန်ယူ ထိန်းသိမ်းပေးခဲ့ရပါတယ်။ တကယ်တော့ တပ်မတော်က အာဏာလိုချင်လို့ ဝင်ပါခဲ့တာ မဟုတ်ပါဘူး။ ဘယ်သူမှ မထိန်းနိုင်တော့လို့ အမျိုးသားရေးအကျိုးစီးပွားကို ဦးထိပ်တင်ပြီး ဝင်ထိန်းပေးခဲ့ရခြင်းသာဖြစ်ပါတယ်။ အဲဒီတုန်းကသာ တပ်မတော်က အချိန်မီဝင်မထိန်းခဲ့ရင် ဘာတွေဆက်ဖြစ်ဦးမယ်ဆိုတာ ကျွန်တော်တော့ အတွေးနဲ့တောင် မတွေးရဲပါဘူး။ ၈၈ အရေးအခင်းကို ကောင်းကောင်းသိမီ ဖြတ်သန်းခဲ့ရတဲ့ ကျွန်တော်တို့တွေကတော့ အရေးအခင်းဆိုတာကို လေသံတောင် မကြားချင်တော့တာ အမှန်ပါ။ ဒါမှ လူထုဆန္ဒအစစ်အမှန်ပါ။ ဘယ်သူမှ ဒါမျိုး နောက်တစ်ကြိမ် ထပ်ပြီး ကြုံချင်ကြမှာမဟုတ်ပါဘူး။

ဆက်ပါဦးမယ်။ **တပ်မတော်က နိုင်ငံတော်ကို တာဝန်ယူတဲ့နေ့မှာပဲ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် (၁/၈၈)နဲ့ လက်ငင်းအကောင်အထည်ဖော် ဆောင်ရွက်မယ့် လုပ်ငန်းတာဝန်ကြီး(၄)ရပ်ကို ချမှတ်ခဲ့တာ အားလုံးမှတ်မိပါလိမ့်ဦးမယ်။ (၁) တရားဥပဒေစိုးမိုးရေးနဲ့ နယ်မြေအေးချမ်းသာယာရေး ဆောင်ရွက်မယ်၊ (၂) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး ဆောင်ရွက်မယ်၊ (၃) ပြည်သူများ စားဝတ်နေရေး ချောင်လည်အောင် ဆောင်ရွက်ပေးမယ်၊ (၄) အဲဒါတွေ ပြီးပြည့်စုံတဲ့အခါ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပပေးမယ်။ ကဲ-ဘယ်လောက် လက်တွေ့ကျပြီး ဘယ်လောက် အနှစ်သာရပြည့်ဝလိုက်ပါသလဲ။ တပ်မတော်အစိုးရဟာ အဲဒီပထမဆုံးနေ့ကတည်းက ဒီမိုကရေစီရေးကို ဦးတည်ဖော်ဆောင်ခဲ့တယ်ဆိုတာ ဘယ်သူငြင်းချင်သေးလဲ။ အဲဒီအချိန်ကတည်းက ဒို့တာဝန်အရေးသုံးပါးဆိုတဲ့ အမျိုးသားရေးဝါဒကို လက်ကိုင်ထားပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေး ရည်မှန်းချက်ကို တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ ပြည်သူအားလုံး မျက်မြင်ကိုယ်တွေ့မဟုတ်ပါလား။**

**တကယ်တော့ ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းဖို့ဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ မဖြစ်နိုင်ပါဘူး။ ဒီမိုကရေစီကို နည်းလမ်းတကျ ကျင့်သုံးဖော်ဆောင်နိုင်ဖို့ရာမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေက ထိန်းကျောင်းပေးရတာ ဖြစ်လို့ပါပဲ။** ဒီမိုကရေစီကို ပြောင်းလဲဖော်ဆောင်ဖို့ဆိုရင် ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရော၊ ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ဘယ်လိုမှ မအပ်စပ်တော့ဘူးဆိုတာ အားလုံးအသိပါ။ ဒါကြောင့်လည်း တပ်မတော်အစိုးရက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ဖို့အတွက် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးကို ၂၇-၅-၁၉၉၀မှာ အသန့်ရှင်းဆုံး၊ အမျှတဆုံးဖြစ်အောင် ဦးစီးကျင်းပပေးခဲ့ပါတယ်။ ရွေးကောက်ပွဲ ရလဒ်ဟာ ၁၉၈၈ မှာ ပျက်သုဉ်းခဲ့ပြီဖြစ်တဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထပ်မံရေးဆွဲပြဋ္ဌာန်းဖို့ တာဝန်ရှိတယ်ဆိုတဲ့အကြောင်းလည်း ရွေးကောက်ပွဲဝင် ပါတီအားလုံးကို ရွေးကောက်ပွဲအကြိုကာလကတည်းက အသိပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါဟာ ဖျောက်ဖျက်လို့မရတဲ့ တကယ့်သမိုင်းဖြစ်ရပ်မှန်တွေပါ။ ဒါပေမယ့် NLD က ရွေးကောက်ပွဲပြီးတာနဲ့ အခြေခံဥပဒေရေးဆွဲရေးကို နောက်တန်းပို့ပြီး အာဏာလွှဲပေးဖို့သာ ရှေ့တန်းတင်ခဲ့တာလည်း မမှတ်မိစရာမရှိပါဘူး။ အခြေခံဥပဒေမရှိဘဲ ဘယ်လိုလုပ်ပြီး အာဏာလွှဲပေးလို့ရပါ့မလဲ။

ဒီတော့ NLD က ရွေးချယ်ခံ ကိုယ်စားလှယ်လက်တစ်ဆုပ်စာနဲ့ ဂန္ဓီညီလာခံဆိုပြီး ကုလားဖန်ထိုးခဲ့ပါရောလား။ ဒါ့အပြင် အများစုအနိုင်ရပါတီအဖြစ် မာန်တက်ပြီး ပါတီကြီးဝါဒ ကျင့်သုံးချင်နေတဲ့ NLD ဟာ ၁၉၉၀စက်တင်ဘာလအတွင်း လွှတ်တော်ခေါ်ပြီး အာဏာလွှဲမပေးဘူးဆိုရင် ဘာဖြစ်မယ်၊ ညာဖြစ်မယ်ဆိုတာလည်း မြွေမကြောက်၊ ကင်းမကြောက် လုပ်ခဲ့တာပါပဲ။

ဒါပေမယ့် တပ်မတော်အစိုးရကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရေးကို တစ်စက်ကလေးမှ မျက်ခြည်ပြတ်မခံခဲ့ပါဘူး။ အမျိုးသားညီလာခံမတိုင်မီမှာ အဲဒီတုန်းက တရားဝင် နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေ၊ တစ်သီးပုဂ္ဂလနဲ့ ပါတီအသီးသီးက ရွေးကောက်ပွဲမှာ ရွေးချယ်ခံထားရတဲ့ပုဂ္ဂိုလ်တွေနဲ့ အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို အရင်ကျင်းပပြုလုပ်ခဲ့တာကို မှတ်မိကြဦးမှာပါ။ အဲဒီအစည်းအဝေးမှာ အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြပြီး အများသဘောတူညီချက်နဲ့အညီ ဆောင်ရွက်ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံဟာ တပ်မတော်အစိုးရက ကိုယ့်သဘောနဲ့ကိုယ် ကောက်ကာငင်ကာ ကျင်းပခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံတော်ရဲ့ အနာဂတ်ရေး လိုအပ်ချက်အရ တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်း ဆွေးနွေးသဘောတူ ဆုံးဖြတ်ပြီးမှ လုပ်ခဲ့ကြတာဖြစ်တယ်ဆိုတာကို မေ့ချင်ယောင်ဆောင်နေတဲ့ နိုင်ငံရေးပါတီကြီးနဲ့ ဆန့်ကျင်ဘက်အင်အားစုအားလုံးကို ရှင်းရှင်းဘွင်းဘွင်း သိနိုင် မှတ်နိုင်အောင် ပြန်ပြောပြနေရခြင်းပဲ ဖြစ်ပါတယ်။

အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ်ကနေ ၁၉၉၆ ခုနှစ်အထိ (၆)ကြိမ်ကျင်းပခဲ့ရာမှာ NLD အပါအဝင် နိုင်ငံရေးပါတီ ၁၀ပါတီ တက်ရောက်ခဲ့ပြီး ကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့တို့က ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမယ့် အခြေခံမူ ၁၀၄ ချက်နဲ့ အသေးစိတ်အခြေခံရမယ့်မူအချို့ကို အောင်မြင်စွာ ချမှတ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ညီလာခံကြီးအရှိန်ကောင်းနေတုန်းမှာပဲ ၂၈-၁၁-၁၉၉၅ ရက်နေ့ ညနေမှာ အမျိုးသားညီလာခံမှာ တက်ရောက်နေတဲ့ NLD ကိုယ်စားလှယ်တွေဟာ ဒေါ်စုကြည်ရဲ့ တစ်ချက်လွှတ်အမိန့်အရ ညီလာခံမှ ထွက်ခွာသွားခဲ့ကြရှာပါတယ်။ ဒါကလည်း ဒေါ်စုကြည်ဟာ ၉-၉-၁၉၉၅ ရက်နေ့မှာ ကုလသမဂ္ဂဆိုင်ရာ အမေရိကန် အမြဲတမ်းသံအမတ်ကြီး မက်ဒလင်းအောဘရိုက်နဲ့တွေ့ပြီး နောက်ပိုင်းကျမှ အချိုးပြောင်းသွားတဲ့ကိစ္စပါ။ အဲဒီအချိန်ကစပြီး ဒေါ်စုကြည်ဟာ ကျင်းပဆဲ အမျိုးသားညီလာခံရဲ့ လုပ်ထုံးလုပ်နည်းတွေအပေါ် အမျိုးမျိုးဝေဖန်ပုတ်ခတ်အပြစ်ရှာလာခဲ့ရာကနေ နောက်ဆုံး NLDပါတီ ညီလာခံက ထွက်သွားခဲ့ကြတာပါပဲ။ တကယ်တော့ NLD ဟာ ကျွန်တော်

# ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာမှာ ခိုင်ခိုင်မာမာနဲ့ အနှစ်သာရရှိရှိ မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ဖို့ဆိုရင် နိုင်ငံတော်မှာ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု ရှိဖို့လိုပါမယ်။ နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံး စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါမယ်။ ဒါ့အပြင် ဒီမိုကရေစီကို ကိုင်တွယ်ကျင့်သုံးမယ့် ပြည်သူတစ်ရပ်လုံးရဲ့ အသိဉာဏ်ဗဟုသုတရင့်ကျက်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ အဲဒီသုံးချက် မပြည့်စုံခဲ့လို့ ၁၉၄၈ ကနေ ၁၉၆၂ ခုနှစ်ထိ ကျင့်သုံးခဲ့တဲ့ ပါလီမန်ဒီမိုကရေစီစနစ် အောင်မြင်မှုမရခဲ့တာ အထင်အရှားပါ။

ဒီဆောင်းပါးအစပိုင်းမှာ တင်ပြခဲ့သလို တွေ့ဆုံဆွေးနွေးရေး ဘာဘာညာညာ တစာစာ တောင်းဆိုနေပေမယ့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာနေတဲ့ အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်ကနေ သူ့သဘောနဲ့သူ လမ်းခွဲကျောခိုင်းသွားခဲ့တာ သူတို့ကိုယ်တိုင်ပါပဲ။

အဲဒီလိုလုပ်ရပ်တွေရဲ့ အကျိုးဆက်အဖြစ် တပ်မတော်အစိုးရဟာ အမျိုးသားညီလာခံကျင်းပရေးအတွက် အားစိုက်မှုနဲ့ နိုင်ငံရေးတိုးတက်မှုပြုလုပ်ခြင်းကို ယာယီအားဖြင့် ရပ်ဆိုင်းထားခဲ့ရပါတယ်။ တကယ်လို့သာ ဒေါ်စုကြည်နဲ့ NLD က နိုင်ငံနဲ့လူမျိုးရဲ့အကျိုးစီးပွားကို ဦးစားပေးပြီး အမျိုးသားညီလာခံမှာ ဆက်လက်ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့မယ်ဆိုရင် ဒီနေ့ဒီအချိန်မှာ ညီလာခံကြီးပြီးဆုံးလို့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်လည်း ပေါ်ထွန်းခဲ့ပြီးဖြစ်မှာပါ။ ဒါ့အပြင် ကျွန်တော်တို့ တစ်မျိုးသားလုံး လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကိုတောင် ပုံပေါ်အောင် အကောင်အထည်ဖော် နေနိုင်လောက်ပါပြီ။ ဒါလောက်ဆို အမျိုးသားညီလာခံကြီးရဲ့ လုပ်ငန်းစဉ်တွေ ကြန့်ကြာနှောင့်နှေးခဲ့ရခြင်းရဲ့ အဓိကတရားခံ ဘယ်သူလဲဆိုတာ ထပ်ရှင်းစရာ မလိုလောက်တော့ပါဘူး။

**ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာမှာ ခိုင်ခိုင်မာမာနဲ့ အနှစ်သာရရှိရှိ မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ဖို့ဆိုရင် နိုင်ငံတော်မှာ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု ရှိဖို့လိုပါမယ်။ နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံး စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါမယ်။ ဒါ့အပြင် ဒီမိုကရေစီကို ကိုင်တွယ်ကျင့်သုံးမယ့် ပြည်သူတစ်ရပ်လုံးရဲ့ အသိဉာဏ်ဗဟုသုတ ရင့်ကျက်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ အဲဒီသုံးချက်မပြည့်စုံခဲ့လို့ ၁၉၄၈ကနေ ၁၉၆၂ခုနှစ်ထိ ကျင့်သုံးခဲ့တဲ့ ပါလီမန်ဒီမိုကရေစီစနစ် အောင်မြင်မှုမရခဲ့တာ အထင်အရှားပါ။ ကိုလိုနီနယ်ချဲ့ရဲ့ ဆိုးမွေအဖြစ် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အဘက်ဘက်က နိမ့်ကျခဲ့တဲ့အပြင် ရန်ကုန်အစိုးရလို့ခေါ်ရလောက်အောင် နယ်မြေအေးချမ်းသာယာမှုနဲ့ တရားဥပဒေစိုးမိုးမှုပျက်ယွင်းခဲ့တဲ့ အခြေအနေမျိုးတွေကြောင့် ဒီမိုကရေစီစနစ်ကို အောင်မြင်အောင် အကောင်အထည်မဖော်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်အစိုးရဟာ ညီလာခံယာယီရပ်ဆိုင်းထားရတဲ့ကာလအတွင်း အနာဂတ် နိုင်ငံတော်မှာ ဒီမိုကရေစီစနစ်ကို အနှစ်သာရရှိရှိ အောင်အောင်မြင်မြင် ဖော်ဆောင်ကျင့်သုံးနိုင်ဖို့အတွက် အထက်ပါ အခြေအနေသုံးရပ်နဲ့ အမြန်ဆုံး ပြည့်စုံညီညွတ်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့တာကို ကျွန်တော်တို့အားလုံး အသိပါ။ တစ်ဖက်ကလည်း နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး အရှိန်အဟုန်မပျက် ဆက်လက်ပံ့ကိုင်ချီတက်ခဲ့တာ ဘယ်သူမှ မျက်ကွယ်ပြုလို့မရတဲ့ အချက်ပါပဲ။**

တပ်မတော်အစိုးရအနေနဲ့ အခက်အခဲ အတားအဆီးအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားပြီး ကျွန်တော်တို့အားလုံး လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းရေး မျှော်မှန်းချက်နဲ့အညီ ၁၇-၅-၂၀၀၄ မှာ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပပေးခဲ့ပါတယ်။ အဲဒီညီလာခံမှာ NLD အပါအဝင် ၁၉၉၃ခုနှစ် ညီလာခံကတည်းက ပါဝင်တက်ရောက်ခဲ့တဲ့ ၁၀ပါတီစလုံးကို ဖိတ်ကြားခဲ့ပါတယ်။ NLD ကတော့ ကျောခိုင်းဆန့်ကျင်ရာလမ်းကိုသာ ရွေးခဲ့ပါတယ်။ အလားတူ NLD ရဲ့ လောင်းရိပ်မကင်းတဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ကလည်း ညီလာခံကို တက်ရောက်ခြင်း မပြုခဲ့ပါဘူး။ ဒါပေမယ့် ကျန်နိုင်ငံရေးပါတီတွေ၊ အရွေးချယ်ခံ ကိုယ်စားလှယ်တွေနဲ့ ကိုယ်စားလှယ်အစုအဖွဲ့အားလုံး စုံစုံညီညီ ပြန်လည်တက်ရောက်ခဲ့ကြပါတယ်။ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံပြီး မိမိတို့တစ်ဖွဲ့၊ တစ်ပါတီ၊ လူမျိုးတစ်မျိုးရဲ့အကျိုးကို ရှေ့တန်းမတင်ဘဲ တိုင်းပြည်နှင့် လူမျိုးအကျိုးကိုသာ ရည်မျှော်အလေးပေးကာ စည်းလုံးညီညွတ်စွာ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါကြောင့် အခုဆိုရင် (၅)ကြိမ်မြောက်ညီလာခံကြီးအထိ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❐

# ၈၈ အရေးအခင်းကို ကောင်းကောင်းသိမီ ဖြတ်သန်းခဲ့ရတဲ့ ကျွန်တော်တို့တွေကတော့ အရေးအခင်းဆိုတာကို လေသံတောင် မကြားချင်တော့တာ အမှန်ပါ။ ဒါမှ လူထုဆန္ဒအစစ်အမှန်ပါ။ ဘယ်သူမှ ဒါမျိုး နောက်တစ်ကြိမ် ထပ်ပြီး ကြုံချင်ကြမှာ မဟုတ်ပါဘူး။

❒ **စာမျက်နှာ ၉ ဆောင်းပါးမှအဆက်**

❒ စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

ပန်းခင်းလမ်းပေါ်မှာ ညင်သာချောမွေ့ အောင်မြင်စွာ လျှောက်လှမ်းနိုင်ခဲ့ပြီး အောင်ပန်းဆွတ်ချူပန်းဝင်ဖို့ လက်တစ်ကမ်းအလိုကို ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဆက်လက်ပြီး နိုင်ငံတော်ရဲ့ အနာဂတ်ခရီးကို ပြဋ္ဌာန်းပေးမယ့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး၊ အဲဒီနောက် ပြည်သူလူထုရဲ့ဆန္ဒ ခံယူ အတည်ပြုချက်ရယူရေးနဲ့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရေး စတဲ့ ချမှတ်ထားပြီး လုပ်ငန်းစဉ်များအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ရှေ့ဆက်သွားတော့မှာ မလွဲကေန်ပါ။

ပြောရရင်တော့ တပ်မတော်စိုးရက ဘယ်လောက်ပဲကောင်းအောင်လုပ်လုပ် အခု CRPP အုပ်စုလိုပဲ ပြည်တွင်း၊ပြည်ပ ဆန့်ကျင်ဘက်အင်အားစုတွေကတော့ စပျစ်သီးချဉ်နေမြဲပါ။ တစ်သင်းတစ်ဖွဲ့၊ ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ဘယ်လိုပဲ နိုင်ငံရေးအမြင်တွေ၊ သဘောထားခံယူချက်တွေ ရှိကြပေမယ့် အမျိုးသားညီလာခံကြီး ပျက်ပြားသွားစေဖို့၊ ၈၈ လူထုဆူပူအုံကြွမှုမျိုး နောက်တစ်ကြိမ် ထပ်မံဖြစ်ပေါ်စေဖို့နဲ့ ဥပဒေတွင်း၊ ဥပဒေပ နိုင်ငံရေးအန်တုမှုနည်းမျိုးစုံသုံးပြီး ဆန့်ကျင်ဖို့ဆိုတဲ့ ကိစ္စသုံးရပ်ကိုတော့ ဘုံရပ်တည်ချက်ထားပြီး သွားနေကြတာပါ။ ဒီမဟာဗျူဟာပေါ်မှာရပ်တည်ပြီး လုပ်နည်းလုပ်ဟန် နည်းဗျူဟာတော့ ကွဲပြားကြပါလိမ့်မယ်၊ NLD၊ CRPP နဲ့ မင်းကိုနိုင်တို့အုပ်စုလည်း ဒီ Trend အတိုင်း လုပ်နေကြတာပဲ မဟုတ်လား။

အောင်မြင်ပြီးမြောက်တော့မယ့် အမျိုးသားညီလာခံအပေါ်မှာလည်း အာဃာတခွဲဝေမှုအပိုင်းကို ဆီလိုအပေါက်ရှာပြီး ထိုးနှက်လိုက်၊ တပ်မတော်က ၂၅ ရာခိုင်နှုန်း ပါဝင်ရေးကိစ္စကို ပုံကြီးချဲ့လိုက်၊ တရားမဝင် လက်သိပ်ထိုးရေးထားတဲ့ ဖက်ဒရယ်အခြေခံဥပဒေကို ထောက်ခံလိုက်နဲ့ အမျိုးမျိုးအကြံအဖန် လုပ်နေကြတာပါပဲ။

ဒါပေမယ့် ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွေ့ဘူးဆိုတဲ့စကားရှိတယ်မဟုတ်လား။ ခွေးဟောင်လို့ တောင်မရွေ့ဘူးဆိုပေမယ့် နည်းနည်းတော့ နားငြီးတာပေါ့ဗျာ။

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို စနစ်တကျ ကူးပြောင်းနိုင်ရေးအတွက် အခြေအနေ အခွင့်အလမ်းကောင်းတွေ ဖူးပွင့်ဝေစည်နေတဲ့ ဒီလိုအချိန်မျိုးမှာ ဒီအမတ် ၉၂ဦးနဲ့ မင်းကိုနိုင်တို့အုပ်စုက ဘန်ကီမွန်းဆီ ပေးစာရေးတယ်ဆိုတာ ဘာသဘောလဲလို့ မေးခွန်းထုတ်နေစရာတောင် မလိုတော့ပါဘူး။ **အောင်မြင်ပြီးမြောက်တော့မယ့် အမျိုးသားညီလာခံကြီးမှာ ပါဝင်ပြီး နှောင့်ယှက်ခြေထိုးဖျက်ဆီးဖို့ ကြိုးစားချင်တဲ့အကြံတွေကိုလည်း လက်လျှော့လိုက်ပါတော့။ ဒီမိုကရေစီပန်းတိုင်ဆီကို အရှိန်ပြင်းပြင်းနဲ့ ခုတ်မောင်းခရီးဆက်နေတဲ့ ပြည်ထောင်စုရထားကြီးကို လမ်းမှာ မိုင်းထောင်ဗုံးခွဲ ဖျက်ဆီးဖို့လည်း ပထွေးနဲ့ပေါင်းပြီး ကျားကုတ်ကျားခဲ ကြိုးပမ်းမနေကြပါနဲ့တော့။ ကျွန်တော်တို့ ပြည်သူအားလုံးကတော့ တပ်မတော်အစိုးရရဲ့ ဦးဆောင်မှုအောက်မှာ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထုဆစ်ပုံဖော် တည်ဆောက်ဖို့ တက်ကြွပျော်ရွှင်ညီညွတ်စွာ အားသစ်လောင်း ကြိုးပမ်းနေကြပါပြီလို့ပဲ ကျွန်တော် ပြောလိုက်ချင်ပါတယ်။**

ဒီလိုပေးစာမျိုးကိုရေးတဲ့ CRPP က ဦးဖူကျင့်ရှင်းထန်၊ ဦးထောင်ခိုထန်း၊ ဦးအေးသာအောင်၊ ဦးစိုးဝင်းတို့ဆိုတာကလည်း ဥပဒေနဲ့ မညီညွတ်လို့ ဖျက်သိမ်းခံ နိုင်ငံရေးပါတီတွေက အမျိုးသားရေး သစ္စာဖောက်တွေပါ။ ဥပဒေချိုးဖောက်မှုတွေ အမျိုးမျိုးလုပ်ခဲ့ကြတဲ့ လွှတ်တော်

**ပြည်သူတစ်ရပ်လုံးနဲ့ သက်ဆိုင်တဲ့ အခြေခံဥပဒေသစ်ကို ပြည်သူ့ဆန္ဒခံယူပြီး အတည်ပြုတာဟာ အမှန်ကန်ဆုံးလုပ်ရပ် မဟုတ်ဘူးလား။ သူတို့ဘာပြောပြော ကျွန်တော်တို့ ပြည်သူတွေကတော့ အသစ်ပေါ်ထွက်လာမယ့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ဆန္ဒမဲပေးပြီး အတည်ပြုပေးဖို့ မျှော်လင့်စောင့်စားနေကြပါပြီ။ အသည်းကြားက မဲတစ်ပြားနဲ့ နိုင်ငံတော်ရဲ့ အနာဂတ်ကံကြမ္မာအတွက် အဆုံးအဖြတ်ပေးဖို့ အသင့်ဖြစ်နေပါပြီ။**

**နိုင်ငံတော်ရဲ့ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် လှုံ့ဆော်သွေးထိုးနေတာတွေ၊ Campaign အမျိုးမျိုးဖန်တီးပြီး ဆန့်ကျင်လှုပ်ရှားနေတာတွေ၊ အခုနောက်ဆုံး အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ပေါင်းပြီး ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေအထိ စီစဉ်ကြိုးပမ်းလုပ်ဆောင်နေတာတွေဟာ တည်ဆဲဥပဒေကို နည်းအမျိုးမျိုးနဲ့ အကြိမ်ကြိမ် ချိုးဖောက်နေတာပဲဖြစ်ပါတယ်။ အခုလို CRPP နဲ့ပေါင်းပြီး ပေးစာတွေ ရေးနေ လုပ်နေတာတွေဟာလည်း အမျိုးသားညီလာခံ ပျက်ပြားအောင် ထိပါးနှောင့်ယှက်နေတာဖြစ်လို့ ဥပဒေအမှတ်(၅/၉၆)ကို ချိုးဖောက်ကျူးလွန်နေတာပဲဖြစ်ပါတယ်။ တကယ်ဆို ထိထိရောက်ရောက် အရေးယူရမှာဖြစ်ပေမယ့် တပ်မတော်အစိုးရက သဘောထားကြီးကြီးထားပြီး နားလည်ခွင့်လွှတ်ပေးလာခဲ့တာကြာပါပြီ။ အခုမှပဲ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ လုံခြုံအေးချမ်းရေးအတွက် မလွှဲမရှောင်သာတော့လို့ ခေါ်ယူမေးမြန်း စစ်ဆေးရတဲ့အဆင့်အထိ ရောက်လာခဲ့တာပါ။**

ကိုယ်စားလှယ်ပျက်တွေ၊ ထောင်ထွက်တွေပါ။ ဒီကြားထဲ မင်းကိုနိုင်လို နိုင်ငံရေးအချောင်သမားကပါ နောက်ကွယ်က စီစဉ်ပေးထားတယ် ဆိုတော့ ဒီပေးစာရဲ့အဆင့်အတန်းဟာ ကျွန်တော့်သမီးအငယ်မ ရေးတဲ့ စာစီစာကုံးလောက်တောင် အဆင့်အတန်းရှိမှာမဟုတ်ပါဘူး။ ဒါကြောင့်လည်း ကုလသမဂ္ဂက ဒီစာကို အရေးတယူလုပ်ပုံမရဘူးလို့ အေပီ သတင်းက ဆိုခဲ့တာပါ။

ဒီပေးစာပါ တောင်းဆိုချက်တွေကလည်း ကျွန်တော်အထက်မှာ ဖော်ပြခဲ့တဲ့ ပကတိဖြစ်ရပ်မှန်တွေနဲ့ချိန်ထိုးကြည့်ရင် ဘယ်လိုမှ သဘာဝမကျဘူးဆိုတာ ထင်းခနဲမြင်သာနေပါပြီ။ ဒီကြားထဲ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို လူထုဆန္ဒခံယူပြီး အတည်ပြုဖို့မလိုဘူး၊ သူတို့ Out of date ရွေးကောက်ပွဲ အခြေပြုလွှတ်တော်က အတည်ပြုပေးရင် ရပါပြီလို့ ဆိုလာသေး။ တော်တော်လည်း ရယ်ဖို့ကောင်းတဲ့ ပုဂ္ဂိုလ်တွေပါပဲ။ **ပြည်သူတစ်ရပ်လုံးနဲ့သက်ဆိုင်တဲ့ အခြေခံဥပဒေသစ်ကို ပြည်သူ့ဆန္ဒခံယူပြီး အတည်ပြုတာဟာ အမှန်ကန်ဆုံးလုပ်ရပ် မဟုတ်ဘူးလား။ သူတို့ဘာပြောပြော ကျွန်တော်တို့ ပြည်သူတွေကတော့ အသစ်ပေါ်ထွက်လာမယ့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ဆန္ဒမဲပေးပြီး အတည်ပြုပေးဖို့ မျှော်လင့်စောင့်စားနေကြပါပြီ။ အသည်းကြားက မဲတစ်ပြားနဲ့ နိုင်ငံတော်ရဲ့ အနာဂတ်ကံကြမ္မာအတွက် အဆုံးအဖြတ်ပေးဖို့ အသင့်ဖြစ်နေပါပြီ။ ဒီလိုအခြေရောက်မှ ဟိုအကြံပေး၊ ဒီတင်ပြ၊ ဟိုတိုင်ဒီတောတွေ လုပ်မနေပါနဲ့လို့ပဲ ပြည်သူ့ကိုယ်စား ကျွန်တော် ပြောပါရစေ။**

ဒီနေရာမှာ ပြောဖို့တစ်ချက်ကျန်နေပါသေးတယ်။ မင်းကိုနိုင်အုပ်စုရဲ့ ၂၈-၆-၂၀၀၇ ရက်စွဲနဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနဲ့ပတ်သက်တဲ့ သဘောထားကြေညာချက်ဆိုတာရယ်၊ ၈-၈-၂၀၀၇ ရက်စွဲနဲ့ ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ (၁၉)နှစ်မြောက် အထိမ်းအမှတ် ကြေညာချက်ဆိုတာရယ် ထူးမခြားနားဇာတ်ခင်းပြီး ထွက်လာပါသေးတယ်။ အဲဒီမှာ ၈၈ အရေးအခင်းဟာ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် ပေါ်ပေါက်ခဲ့ရပါတယ်ဆိုပြီး မဆိုင်တဲ့ အပေါက်ကို ကလိုင်နဲ့ခေါက်ခဲ့ပါတယ်။ မင်းကိုနိုင်ရဲ့ဆရာရင်း ဗကပရဲ့ နှပ်ကြောင်းပေးမှုနဲ့ ပြည်တွင်းပြည်ပ ပူးပေါင်းကြံစည် သွေးထိုးမှုတွေကြောင့် လူထုက မျက်စိလည်နားယောင်ပြီး ဖြစ်ခဲ့ရတဲ့ ၈၈ အရေးအခင်းကို ဆင်သေကို ဆိတ်ရေနဲ့ဖုံးသလို ၁၉၇၄ အခြေခံဥပဒေနဲ့ ဆွဲဖုံးနေတာကတော့ တဆိတ်တရားမလွန်လွန်းဘူးလား။

တကယ်တော့ ၁၉၇၄ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ခြောက်ပြစ်ကင်း သဲလဲစင်မဟုတ်ပေမယ့် အခုလိုမျိုး မင်းကိုနိုင်တို့က တစ်ဖက်သတ် စွပ်စွဲအပြစ်ဖို့ရလောက်အောင် မဟုတ်ခဲ့ပါဘူး။ အဲဒီတုန်းက ပြည်သူကလည်း တကယ့်ကို နှစ်နှစ်ကာကာ လိုလိုချင်ချင်နဲ့ အားတက်သရော အတည်ပြုပြဋ္ဌာန်းပေးခဲ့တာပါ။ ဒါကြောင့် မဆီမဆိုင် ထင်ရာမြင်ရာကို စိတ်ရှူးပေါက်တိုင်း လျှောက်လျှောက်လုပ်တတ်တဲ့ ဒီအုပ်စုရဲ့ ကြေညာချက်ကို ကျွန်တော် အမျိုးသားရေးဘက်ကရပ်တည်ပြီး ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ်လို့ ပြောချင်ပါတယ်။

တကယ်တော့ မင်းကိုနိုင်ဆိုတာ ၈၈ ဆူပူအကြမ်းဖက်မှုနှောင်းပိုင်းကာလကျမှ ကျောင်းသားအရေး ခုတုံးလုပ်ပြီး နိုင်ငံရေးစင်ပေါ် တွားတက်လာခဲ့တာပါ။ အရေးအခင်းက ၈-၈-၁၉၈၈ မှာ စခဲ့ပေမယ့် အဲဒီတုန်းက မင်းကိုနိုင်ဆိုတာ ဘယ်ချောင်မှာ သွားပုန်းနေခဲ့သလဲ။ ၂၈-၈-၁၉၈၈ရက်နေ့ ကျောင်းသားညီလာခံ လုပ်နေတဲ့အချိန်ကျမှ ဗြုန်းခနဲပေါ်လာပြီး ဗကပ ကျောထောက်နောက်ခံနဲ့ ကျောင်းသားလောကကို အာဏာသိမ်းခဲ့တဲ့ ကွန်မြူနစ်ပါ။ စင်ပေါ်အတင်းတက်ပြီး သူ့ကိုယ်သူကြေညာခဲ့တဲ့ နိုင်ငံရေးအချောင်သမားပါ။ နောက်ပိုင်း ဗကသမှာ ဥက္ကဋ္ဌဖြစ်လာပြီး တစ်ဝက်တစ်ပျက် မြေအောက်ယူဂျီလုပ်ငန်းတွေနဲ့ ဆူပူအုံကြွမှုတွေ ထပ်ဖြစ်အောင် လှုံ့ဆော်နေတဲ့ အဖျက်သမားစစ်စစ်ပါ။ လက်ဝဲလား၊ လက်ယာလား၊ လစ်ဘရယ် ဒီမိုကရေစီလားဆိုတာတောင် ကိုယ်ကိုယ်တိုင် မခွဲနိုင်တဲ့ နိုင်ငံရေးသဘောတရား နတ္ထိသမားပါ။ တစ်ချိန်တုန်းက ဒေါ်စုကြည်နဲ့ ဦးတင်ဦးကိုတောင် ဗီဇမမှန်တဲ့ ဒီမိုကရေစီသမားတွေလို့ ဝေဖန်လေကန်ပြီး အာချောင်ခဲ့သေးတဲ့ မလည်ရှုပ်တစ်ယောက်ပါ။

မင်းကိုနိုင်ရဲ့ လုပ်ရပ်တွေကိုကြည့်ရင် ဗကပဆရာကြီးများရဲ့ နည်းနာနိဿယတွေကို အပြည့်အဝလိုက်နာကျင့်သုံးတယ်ဆိုတာ ထင်ရှားနေပါတယ်။ ဒီနေ့ မင်းကိုနိုင် စတန့်ထွင်ခဲ့တဲ့ ဘာ Campaign၊ ညာ Campaign ဆိုတာတွေက ဗကပကိုးကွယ်တဲ့ ဆရာကြီးဂျင်းရှပ်ရဲ့ နိုင်ငံရေးအန်တုနည်းတွေကို မင်းကိုနိုင်က လက်တွေ့လိုက်လုပ်နေတာတွေပါ။ ဒီတော့ မင်းကိုနိုင် ဘာလဲ၊ ဘယ်လဲဆိုတာ ရှင်းနေပါပြီ။

ဘာပဲဖြစ်ဖြစ် **နိုင်ငံတော်ရဲ့ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် လှုံ့ဆော်သွေးထိုးနေတာတွေ၊ Campaign အမျိုးမျိုးဖန်တီးပြီး ဆန့်ကျင်လှုပ်ရှားနေတာတွေ၊ အခုနောက်ဆုံး အကြမ်းဖက် သောင်းကျန်းသူတွေနဲ့ ပေါင်းပြီး ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေအထိ စီစဉ်ကြိုးပမ်းလုပ်ဆောင်နေတာတွေဟာ တည်ဆဲဥပဒေကို နည်းအမျိုးမျိုးနဲ့ အကြိမ်ကြိမ်ချိုးဖောက်နေတာပဲဖြစ်ပါတယ်။ အခုလို CRPP နဲ့ပေါင်းပြီး ပေးစာတွေ ရေးနေ လုပ်နေတာတွေဟာလည်း အမျိုးသားညီလာခံပျက်ပြားအောင် ထိပါးနှောင့်ယှက်နေတာဖြစ်လို့ ဥပဒေအမှတ်(၅/၉၆)ကို ချိုးဖောက်ကျူးလွန်နေတာပဲဖြစ်ပါတယ်။ တကယ်ဆို ထိထိရောက်ရောက် အရေးယူရမှာဖြစ်ပေမယ့် တပ်မတော်အစိုးရက သဘောထားကြီးကြီးထားပြီး နားလည်ခွင့်လွှတ်ပေးလာခဲ့တာ ကြာပါပြီ။ အခုမှပဲ နိုင်ငံတော် တည်ငြိမ်ရေးနဲ့ လုံခြုံအေးချမ်းရေးအတွက် မလွှဲမရှောင်သာတော့လို့ ခေါ်ယူမေးမြန်း စစ်ဆေးရတဲ့အဆင့်အထိ ရောက်လာခဲ့တာပါ။**

အလားတူ NLD အမတ်တချို့အပါအဝင် CRPP အဖွဲ့တွေလည်း လက်ရှိဦးတည်နေတဲ့ လမ်းကြောင်းအတိုင်းသာ ဆက်ပြီး ရှေ့တိုးလုပ်နေမယ်ဆိုရင်တော့ တစ်ချိန်ချိန်မှာ မင်းကိုနိုင်တို့ ၈၈ မျိုးဆက်ကျောင်းသားများအမည်ခံအုပ်စုလိုပဲ အရေးယူခံရမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါ။ ဥပဒေရဲ့အထက်မှာ ဘယ်သူမှမရှိနိုင်ဘူး မဟုတ်လား။ ဒါကြောင့် ဥပဒေက ဒဏ်မခတ်မီ ဥပဒေကို လေးစားအရေးထားကြဖို့ ကျွန်တော်စေတနာနဲ့ ပြောလိုက်ချင်ပါတယ်။

ချုပ်ပြီးပြောရရင်တော့ **တည်ဆဲအစိုးရအပေါ် ဆန့်ကျင်နေတဲ့ ပြည်တွင်းပြည်ပအဖွဲ့များအနေနဲ့ အစိုးရဆန့်ကျင်ရေး၊ အမျိုးသားညီလာခံဆန့်ကျင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန့်ကျင်ရေး၊ ပြည်သူ့ဆန္ဒခံယူပွဲဆန့်ကျင်ရေး စတဲ့ ဆန့်ကျင်ရေးသံသရာက နိုးထဖို့ အချိန်တန်ပါပြီ။ တည်ဆဲဥပဒေများကို အမျိုးမျိုး ချိုးဖောက်ကျူးလွန်ခဲ့သမျှအပေါ် အလွန်မှ သဘောထားကြီးပြီး လိုက်လျောနားလည် ခွင့်လွှတ်ပေးခဲ့တဲ့ တပ်မတော်အစိုးရကိုလည်း အားနာသင့်လှပါပြီ။ စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထုဆစ်ပုံဖော်တည်ဆောက်ဖို့ အားသန်တက်ကြွနေကြတဲ့ ပြည်သူရဲ့ဆန္ဒကိုလည်း ငဲ့ညှာထောက်ထားသင့်လှပါပြီ။ ဒီလိုမဟုတ်ဘဲ ငါ့မြင်းငါစိုင်း၊ ငါ့လှေငါထိုး အတင်းရှေ့ဆက်တိုးနေမယ်ဆိုရင်တော့ ဥပဒေက ခွင့်လွှတ်မှာမဟုတ်ပါဘူး။ အစိုးရကလည်း ထိုင်ကြည့်နေမှာမဟုတ်ပါဘူး။ ဒီထက်ပိုပြီး ပြည်သူကလည်း ဒီအတိုင်း ငြိမ်ခံနေမှာမဟုတ်ပါဘူး။ ဥပဒေအရ အရေးယူခံရတာထက် မိဘပြည်သူရဲ့ မေတ္တာစူးရောက် ဒဏ်ခတ်ခံရတာက အဆပေါင်းများစွာ ပိုထိရောက် ပြင်းထန်ပြီး ဘဝပျက်သွားနိုင်တယ်ဆိုတာ ကျွန်တော် ထပ်ပြီး သတိပေးချင်ပါတယ်။**

တကယ့်စိတ်ရင်းစေတနာအမှန်နဲ့ သတိပေးနေတာပါ။ ။

# ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အမှုထမ်း၊ အရာထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၂၅

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၏ အစည်းအဝေးခန်းမ၌ ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန (နေပြည်တော်)ရှိ ဦးစီးဌာနများမှ အမှုထမ်း၊ အရာထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ စည်းကမ်း ထိန်းသိမ်းလိုက်နာရေး၊ လုံခြုံရေးနှင့် ဌာနဆိုင်ရာ လုပ်ငန်းများ သွက်လက်ထက်မြက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။**

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အမှာစကား ပြောကြားပြီး ဒုတိယရုံးအဖွဲ့မှူး ဦးစိန်ဝင်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းမြင့်၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ကျော်တို့က လုပ်ငန်းဆောင်ရွက်မှုများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

### မှာကြား

ထို့နောက် ကျန်းမာရေး ဝန်ကြီးဌာနဝန်ကြီးက နိုင်ငံတော်က ချမှတ်ထားသော လမ်းညွှန်ချက်များနှင့် သတ်မှတ်ထားသည့် တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြရန်နှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက် (၂) ရပ်ကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကျန်းမာရေးဝန်ကြီးဌာန (နေပြည်တော်)ရှိ ဦးစီးဌာနများမှ အမှုထမ်း၊ အရာထမ်းများအား အမှာစကားပြောကြားစဉ်။**(သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မရတနာဃရ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီးတွင် စက်တင်ဘာ ၁ ရက် (စနေနေ့) နံနက် ၈နာရီတွင်ကျင်းပမည့် အကြိမ်(၄၀) မြောက်အဘိဓမ္မာခုနစ်ကျမ်း(အာဂမ+သဘာဝ) စာတော်ပြန်ပွဲ ပင်မ ငွေပဒေသာပင်အတွက် ဒေါ်ကျင်ဖောင်နှင့် သမီးများ၊ ဦးတင်ဝင်း-ဒေါ်သန်းသန်းထွေးမိသားစု၊မြကန်သာ(၃)လမ်း၊ ၄ရပ်ကွက်၊ လှိုင်မြို့နယ်တို့မှ အသင်းဒုတိယဥက္ကဋ္ဌဦးမျိုးခင်(စီမံ)ထံ ငွေကျပ်နှစ်သိန်းကို ဆူးလေစေတီတော်ရင်ပြင်ပေါ်ရှိ အဘိဓမ္မာအသင်းတိုက်တွင် ပေးအပ်လှူဒါန်းစဉ်။ (က-ပ)





မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်ဆဲဖြစ်သော အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီးရှိ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် မိဘနှစ်ပါးကို အမှူးထား၍ ရုပ်ရှင်နှင့် ဗွီဒီယို သရုပ်ဆောင် အကယ်ဒမီရဲအောင်-မအေးအေးနိုင်၊ သား ကောင်းတေဇာနိုင်တို့က ကျောင်းဖြစ်မြောက်ရေးအကျိုးတော်ဆောင်ဥက္ကဋ္ဌဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ)ထံသို့ အလှူငွေကျပ် ကိုးသိန်း ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

# HEALTH SHOP (PARIS)အလှကုန်ပစ္စည်းများ လက်တွေ့သရုပ်ပြ အလှပြင်အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂၅**

ရွှေပန်းတိုင်ထရေးဒင်းကုမ္ပဏီလီမိတက်က တင်သွင်းသော HEALTH SHOP (PARIS) အလှကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချနေသော MEMBER များအား ထိုင်းနိုင်ငံမှ ဝါရင့်အလှဖန်တီးရှင်က မိတ်ကပ်နှင့် ပတ်သက်သည့် အလှပြင်သင်တန်း လက်တွေ့ပြသခြင်း အခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၉နာရီတွင် အမှတ်(၁၉၉)(၁၃)လမ်းနှင့် ဘုန်းကြီးလမ်းကြား အနော်ရထာ လမ်းပေါ်ရှိ HEALTH SHOP (PARIS) ရုံးချုပ်ခန်းမ၌ ကျင်းပရာ အဆိုပါ အခမ်းအနားသို့ ရုပ်ရှင်ဗွီဒီယိုသရုပ်ဆောင် အနုပညာရှင်များနှင့် အသင်းဝင် MEMBER များ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ထိုင်းနိုင်ငံမှ မိတ်ကပ်ပညာရှင် Bang-Orn Kong Charearn နှင့်အဖွဲ့က အနုပညာရှင်နှင့် မော်ဒယ်များအား ရွှေပန်းတိုင်ကုမ္ပဏီက ထပ်မံတင်သွင်းမည့် မိတ်ကပ်၊Loose Powder, Eye Brow, Eye Liner, Lipstick, Eye Shadow, Brush On အစရှိသော HEALTH SHOP (PARIS) အလှပြင်ပစ္စည်းသစ်များကို သုံးစွဲ၍ ရိုးရိုးမိတ်ကပ်အလှပြင်ခြင်းနှင့် ပွဲထိုင်မိတ်ကပ် အလှပြင်ခြင်းတို့ကို လက်တွေ့ပြသသည်။ **(အောက်ပုံ)**

ယင်းလက်တွေ့သင်တန်းကို ဩဂုတ်၂၄ရက်အထိ MEMBER များအား ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)



# ကျောက်ဆည်မြို့နယ် မြို့သာယာလှပရေးနှင့် မြို့ရေပေးရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၅

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ရောက်ရှိပြီး တာဝန်ရှိသူတို့က ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြို့ရေပေးရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် မြစ်ရေကြီးမှုကာကွယ်ရန် ကြိုတင်ပြင်ဆင်ထားရှိမှုတို့ကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မြို့တွင်းလမ်းများ ဆောင်ရွက်ရာတွင် လမ်းမျက်နှာပြင်ပေါ် ရေမတင်စေရန် လမ်းပခုံးပေါ်အောင်ခင်းရန်၊ လမ်းပခုံးများအား စနစ်တကျဖို့ပြီး လမ်းကြိတ်စက်ဖြင့် သိပ်သည်းအောင် တစ်ပါတည်း ကြိတ်ရန်နှင့် လမ်းဝဲယာတွင် ရေနုတ်မြောင်းများ ရေစီး ရေလာကောင်းမွန်ရေး တူးဖော်ဆောင်ရွက်သွားရန်၊ မြို့ရေပေးရေးနှင့် ပတ်သက်ပြီး လက်ရှိအသုံးပြုလျက်ရှိသည့် ရေစက်များမှ ရေထွက်နှုန်း၊ ရေစက်မောင်းချိန်နှင့် ရေဖြန့်ဝေချိန်တို့ စနစ်တကျရှိစေရေး ပြန်လည်စီစဉ် တွက်ချက်ပြီး လိုအပ်သည်များပြင်ဆင်ဆောင်ရွက်သွားရန်နှင့် မြို့နေပြည်သူလူထုအတွက် သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဝေနိုင်ရေးအတွက် ကြိုတင် ပြင်ဆင်ထားနိုင်ရန် လိုအပ်သည်များ အသေးစိတ်ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇော်ဂျီရေစက်ရုံ အမှတ်(၁)သို့ရောက်ရှိလာပြီး ရေစက်များကြံ့ခိုင်မှုရှိစေရေး၊ စွမ်းအားပြည့်မောင်းနှင်နိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများ ပုံမှန်ဆောင်ရွက်သွားရန်၊ ရေပန့်များ၊ရေအရည်အသွေး စမ်းသပ်မှုများကို လစဉ် စစ်ဆေးချက်မှတ်တမ်းထားရှိရန်တို့ကို အသေးစိတ်မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဓနိတောရေသန့်စင်စက်ရုံ အမှတ်(၂)သို့ ရောက်ရှိစစ်ဆေးပြီး ရေသန့်စင်စက်ရုံမှ စက်များ ရေရှည်မောင်းနှင်အသုံးပြုနိုင်ရေး၊ ပြည်သူများ သောက်သုံးရာတွင် ဘေးဥပဒ်မရှိစေရေးအတွက် ဓာတုနှင့် ဇီဝဆိုင်ရာဓာတ်ခွဲစမ်းသပ်မှုများကိုလစဉ် စစ်ဆေးစမ်းသပ်သွားရန် မှာကြားသည်။

### ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဝန်ကြီးသည် မြို့အရှေ့ခြမ်း(၆)ရပ်ကွက်သို့ရောက်ရှိပြီး ရေစက်များပုံမှန် လည်ပတ်နိုင်ရန် စက်များ ကြံ့ခိုင်မှုပြုလုပ်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အေးမြကြည်လင်ရပ်ကွက် ပိတောက်လမ်း အရှည်ပေ၉၉၀၊ အကျယ် ၁၂ ပေ ကတ္တရာခင်းခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိလာပြီး လမ်းပခုံးနှင့် လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းများ စနစ်တကျ ဆောင်ရွက်ထားရှိရန်၊ လမ်းခင်းပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မရှိစေရေး ဂရုတစိုက် ကြပ်မတ် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ခရိုင်ပျိုးဥယျာဉ်ရှိ သတ်မှတ်ပျိုးပင်များ လျာထားချက်နှင့်အညီ ပျိုးထောင်ထားရှိရေး ဆွေးနွေးမှာကြားသည်။

### စစ်ဆေးကြပ်မတ်

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အဖွဲ့ပိုင်မော်တော်ယာဉ်ဝင်းသို့ ရောက်ရှိလာကာ မော်တော်ယာဉ်များ ကြံ့ခိုင်မှုရှိ၊ မရှိ တာဝန်ခံ အင်ဂျင်နီယာများမှ စစ်ဆေးကြပ်မတ်ရန်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောက်ဆည် -ကျောက်ဆောက်ကုန်းကျေးလက် လမ်းပေါ်ရှိ အကျယ် ၁၄ပေ၊ အရှည်၁၈ပေရှိသော အုတ်ခုံခုံ သစ်သားတံတား ဆောက်လုပ်ပြီးစီးမှုနှင့် ကျောက်ကတ္တရာလမ်း ဖြည့်ဆည်းဆောင်ရွက်ရန်မှာကြားပြီး ကျေးလက်တံတားများဆောက်လုပ်မှုနှင့် ရေရှည်ခိုင်ခံ့စွာ အသုံးပြုနိုင်ရန် ပျက်စီးမှုရှိပါက ချက်ချင်း ပြုပြင်ဆောင်ရွက်သွားရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မြန်မာနိုင်ငံ ဓာတ်ပုံအသင်းနှင့် နတ်ရေကန်အလှကုန်တို့ ပူးပေါင်း၍ နတ်ရေကန်အလှမယ် ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဆုငွေနှင့် အထွေထွေကုန်ကျစရိတ် ငွေကျပ် ၆၇၅၀၀၀ ကို နတ်ရေကန် ဦးတင်မောင်ထွေးက မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးဇေမြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ရွှေခါးပတ်လက်ဝှေ့ပွဲစတင်၊ ဝင်းထွန်းက ၁၈စက္ကန့်ဖြင့်အလဲထိုး

ရန်ကုန် ဩဂုတ် ၂၅

**အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်တို့ ကြီးမှူး ကျင်းပသော ၂၀၀၇ခုနှစ် စတုတ္ထအကြိမ်မြောက် ကိုယ်အလေးချိန်တန်းလိုက် မြန်မာ့ရိုးရာလက်ဝှေ့ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားကို ရှေးဦးစွာမြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်နှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**အလဲထိုးပွဲသိမ်း**

ယနေ့ကျွတား ဖိုင်နယ်ပွဲစဉ်များအဖြစ် ၅၁ကီလို ဖလိုင်းဝိတ်တန်း၊ ၆၀ကီလိုဝိတ်တန်းနှင့် ၆၃ ဒသမ ၅ကီလို လိုက်ဝယ်လ်တာ ဝိတ်တန်း စုစုပေါင်း



**လိုက်ဝယ်လ်တာဝိတ်တန်းတွင် အောင်ဇေယျ(ဘီလပ်မြေစက်ရုံ)၏ ညာ ခြေကန်ချက် စောဝီလျံသိန်း(အင်းစိန်)၏ နံကြားကို ထိမှန်သွားစဉ်။**

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

၁၂ပွဲ ကျင်းပရာ အလဲထိုးပွဲများဖြင့်ပွဲသိမ်းခဲ့သည်။ ၅၁ကီလို ဖလိုင်းဝိတ်တန်းတွင် ဖွဲ့သတ္တိ(သူရဲကောင်း)က နိုင်ဝင်း(မျိုးဆက်သစ်)ကို ပထမအချီ ၁မိနစ် ၁၃စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသည်။ ခိုင်လင်း(တောင်ကလေး)နှင့် ထစ်ချုံး(မြန်မာပြည်သား)တို့ပွဲတွင် အချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်၍ အမှတ်ဖြင့် ဆုံးဖြတ်ရာ ခိုင်လင်းကို အမှတ်ပေးဒိုင် ငါးဦးစလုံးက အနိုင်ပေးသည်။ ရွှေချစ်သွေး(နှစ်ရှည်ဥယျာဉ်ခြံ)နှင့် ပအိုဝ်းလေး(မြို့တော်စည်ပင်)တို့ပွဲမှာ အကြိတ်အနယ်ဖြင့် ဘတစ်ပြန်ကျားတစ်ပြန် ထိုးသတ်ကြပြီး ရွှေချစ်သွေးက ဒုတိယအချီ ၂မိနစ် ၄စက္ကန့်တွင် ချုပ်ဒူးဖြင့် ပွဲသိမ်းလိုက်သည်။ ရွှေကျည်ဆံ (ဘီလပ်မြေစက်ရုံ)နှင့် မိုးကြိုး(တနင်္သာရီ)တို့ပွဲတွင်မူ ရွှေကျည်ဆံက ပထမအချီ ၁မိနစ် ၁၄စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ အကြိုဗိုလ်လုပွဲတွင် ဖွဲ့သတ္တိနှင့် ခိုင်လင်း၊ ရွှေချစ်သွေးနှင့် ရွှေကျည်ဆံတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**အကြိုဗိုလ်လုပွဲတက်**

၆၀ကီလို လိုက်ဝိတ်တန်းတွင် အကြိုဗိုလ်လုပွဲသို့ မောရှေ(အလင်းရောင်)နှင့် တွေ့မရှောင်(KLN)၊ ရွှေမင်းရာဇာ(မျိုးဆက်သစ်)နှင့် သတ္တိအောင်(တောင်ကလေး)တို့ တက်ရောက်သွားကြသည်။ မောရှေ(အလင်းရောင်)နှင့် ကြည်မင်းသူ(ငြိမ်းချမ်းရေး)တို့ပွဲတွင် မောရှေက တတိယအချီ ၁၀စက္ကန့်တွင်အလဲထိုးဖြင့်လည်းကောင်း၊ သတ္တိအောင်(တောင်ကလေး)က မင်းစကြာ(နှစ်ရှည်ဥယျာဉ်ခြံ)ကို ဒုတိယအချီ ၂မိနစ် ၃၅စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း အသီးသီး နိုင်ရရှိကြသည်။ တွေ့မရှောင်(K.L.N)နှင့် ဟိန်းညီညီ၊ (မြို့တော်စည်ပင်)တို့ပွဲတွင် တွေ့မရှောင်က ဒုတိယအချီ ၁မိနစ် ၅၆စက္ကန့်တွင် ညာခြေဖြင့် ပွဲသိမ်းအနိုင်ယူသွားသည်။ ရွှေမင်းရာဇာ(မျိုးဆက်သစ်)နှင့် မဲလေး(တနင်္သာရီ)တို့ပွဲမှာမူ ပထမအချီ ၃၉စက္ကန့်တွင် ရွှေမင်းရာဇာက ညာလက်သီးဖြင့် အလဲထိုး အနိုင်ရရှိသွားသည်။

၆၃ ဒသမ ၅ကီလို လိုက်ဝယ်လ်တာဝိတ်တန်းတွင် ဒေါင်းညိုလေး (ဒေါင်းမြန်မာ)က နဂါးလေး (တနင်္သာရီ)ကို ဒုတိယအချီ ၁မိနစ် ၃၂စက္ကန့်တွင် ချုပ်ဒူးဖြင့် ပွဲသိမ်းလိုက်သည်။ စောဖွဲ့လေး(K.L.N)နှင့် စစ်အောင်(နှစ်ရှည်ဥယျာဉ်ခြံ)တို့ပွဲမှာ သူတင်ကိုယ်တင်ဖြင့် ခြေ၊ ဒူး၊ လက် ပညာစုံ အကုန်သုံးကာ ယှဉ်ပြိုင်ထိုးသတ်ကြသည်။ ပထမအချီ ၂မိနစ် ၃၅စက္ကန့်တွင် စောဖွဲ့လေးက ဘယ်ထောက်လက်သီးပစ်သွင်းပြီး အနိုင်ရရှိသွားသည်။ အောင်ဇေယျ(ဘီလပ်မြေစက်ရုံ)နှင့် စောဝီလျံသိန်း(အင်းစိန်)တို့ပွဲတွင် လက်ရည်မျှသဖြင့် စတုတ္ထအချီထိ ယှဉ်ပြိုင်ခဲ့ရသည်။ နှစ်ဦးစလုံး အလဲအကွဲဖြင့်ရင်ဆိုင်ယှဉ်ပြိုင်ရင်း စတုတ္ထအချီ ၁မိနစ် ၁၄စက္ကန့်တွင် အောင်ဇေယျက အလဲထိုးဖြင့် အနိုင်ရသွားသည်။ နာမည်ကြီးလက်ဝှေ့ကျော် ဝင်းထွန်း(လယ်/ဆည်)နှင့် ပတ္တမြားငမောက် (မြန်မာပြည်သား)တို့ပွဲတွင် ဝင်းထွန်းက ပထမအချီ ၁၈စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားရာ ယနေ့ပွဲစဉ်များအနက် အစောဆုံးပွဲသိမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ဝင်းထွန်းက ပွဲစကတည်းက တရစပ် ဝင်ထိုးရာ ၁၈စက္ကန့်မှာပင် ဘယ်ခြေဖြင့် ပွဲသိမ်းလိုက်ခြင်းဖြစ်သည်။ အကြိုဗိုလ်လုပွဲတွင် ဒေါင်းညိုလေးနှင့် ဝင်းထွန်း၊ စောဖွဲ့လေးနှင့် အောင်ဇေယျတို့ ထိုးသတ်ရမည်ဖြစ်သည်။

ဩဂုတ် ၂၆ရက် ပွဲစဉ်များကို မွန်းလွဲ ၂နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်သည်။

(ကြေးမုံ)



**မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်စဉ်။**

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

# (၂၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၅

**၂၀၀၇ခုနှစ် ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား သိုင်းပြိုင်ပွဲနှင့် (၂၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။**

ဗိုလ်လုပွဲပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဝိတ်တန်းအလိုက် ဆုရရှိသူများနှင့် အကောင်းဆုံးဆုရရှိသူများအား မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် နာယကများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ် သန်းဟန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ပြည်နယ်နှင့်တိုင်းပြိုင်ပွဲ၌ လက်နက်မဲ့ပြိုင်ပွဲပထမဆုရ ရှမ်းပြည်နယ် (မြောက်ပိုင်း)အသင်း၊ ဓားသိုင်းပြိုင်ပွဲ ပထမဆုရ ကချင်ပြည်နယ်၊ စွမ်းရည်ပြပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းနှင့် စွယ်စုံတံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းတို့အား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကို လည်းကောင်း၊ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားပြိုင်ပွဲ ပထမဆုရ စီးပွား/ကူးသန်းအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလားကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ရန်ကုန်တိုင်းအသင်းမှာ ပြည်နယ်နှင့်တိုင်း စွယ်စုံတံခွန်စိုက်ဒိုင်းကြီးကို သုံးနှစ်ဆက်တိုက်ဆွတ်ခူးရရှိခဲ့သဖြင့် အပိုင်ရရှိသွားကြောင်း သိရသည်။

(ကြေးမုံ)

**(၂၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲတွင် စွယ်စုံတံခွန်စိုက်ဒိုင်းကို သုံးနှစ်ဆက်တိုက်အပိုင်ရရှိသွားပြီး စွမ်းရည်ပြပွဲပြိုင်ပွဲ၌ပါ တံခွန်စိုက်ဒိုင်းဆွတ်ခူးရရှိသွားသော ရန်ကုန်တိုင်းအသင်းအား တွေ့ရစဉ်။**

(ကြေးမုံ)



# မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၅-၈-၂၀၀၇)

| | |
|---|---|
| နေပြည်တော် | ၀ ဒသမ ၀၈ လက်မ |
| မြစ်ကြီးနား | ၄ ဒသမ ၁၈ လက်မ |
| ကျောက်တော် | ၃ ဒသမ ၄၆ လက်မ |
| ဗန်းမော် | ၂ ဒသမ ၄၄ လက်မ |
| တောင်တွင်းကြီး | ၁ ဒသမ ၉၃ လက်မ |
| မိုးကုတ် | ၁ ဒသမ ၈၂ လက်မ |
| မင်းတပ် | ၁ ဒသမ ၇၇ လက်မ |

# စိုက်ပျိုးပြီးသီးနှံများ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် နှိုးဆော်ချက်

၁။ ယခုအခါဒေသအလိုက် မိုးရွာသွန်းမှုများခြင်း၊ မြစ်ရေကြီးခြင်းတို့ကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရန်နှင့် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ကြရန်အပြင် အချိန်မီ အစားထိုးစိုက်ပျိုးနိုင်ရန်အတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နှိုးဆော်အပ်ပါသည်-

**(က) မိမိဒေသ၏ ရေမြေအခြေအနေနှင့် ဖြစ်ပေါ်ခဲ့သော ရေကြီးနစ်မြုပ်မှုမှတ်တမ်းများအရ လိုအပ်သော အထွက်ကောင်းသက်လျင်မျိုးများ ကြိုတင်စုဆောင်ထားရန်နှင့် အရန်ပျိုးများ ပိုမိုထောင်ထားပါ။**

**(ခ) မိမိဒေသတွင် အရန်ပျိုးများ မလုံလောက်ပါက နီးစပ်သည့်ဒေသများတွင် ညှိနှိုင်းဆောင်ရွက်ထားပါ။**

**(ဂ) အချိန်မီ ပြန်လည်စိုက်ပျိုးပြီးစီးနိုင်ရေးအတွက် ထွန်ယက်ရေး အစီအမံများကို ကြိုတင်စီမံထားရှိပါ။**

**(ဃ) တစ်ကွက်ပေါ်တစ်ကွက်စိုက်စနစ်ဖြင့် ပြန်လည်စိုက်ပျိုးနိုင်အောင် စီစဉ်ထားရှိပါ။**

**(င) ပြန်လည်အစားထိုးစိုက်ပျိုးမည့် ကောက်စိုက်သမအဖွဲ့များ ဖွဲ့စည်းထားရှိပါ။**

**(စ) မိုးလယ်ကာလ စောစောပိုင်းတွင် ရေကြီးနစ်မြုပ်ပျက်စီးပါက အထွက်ကောင်း သက်လျင်၊ သက်လတ်မျိုးကိုသုံးပါ။**

**(ဆ) မိုးလယ်ကာလ နှောင်းပိုင်းတွင် ဖြစ်ပွားပါက သက်လျင်မျိုးနှင့် ရာသီစပါးမျိုးကိုသုံးပါ။**

**(ဇ) မိုးနှောင်းကာလ စောစောပိုင်းတွင်ဖြစ်ပွားပါက စပါးပင်သားတက်ခွဲ၍ စိုက်ပျိုးပါ။**

**(ဈ) မိုးနှောင်းကာလနောက်ပိုင်းတွင် ဖြစ်ပွားပါက အခြားအစားထိုး သီးနှံဖြင့် အစားထိုးစိုက်ပျိုးပါ။**

**(ည) ရေကျ၍ ထိခိုက်သွားသောဧရိယာများနှင့် ပြန်လည်စိုက်ပျိုးခင်းများတွင် ပိုးမွှားကျရောက်မှုဖြစ်ပေါ်နိုင်၍ ပိုးမွှားကျရောက်မှု ရှိ၊ မရှိ အမြဲစစ်ဆေးပါ။ ပိုးသတ်ဆေးနှင့် ဆေးဖျန်းကိရိယာများ စုဆောင်းထားပါ။**

**(ဋ) ရေကြီးနစ်မြုပ်ပြီး ရေကျသွားပါက ရွက်လိပ်/ရွက်ကပ်ပိုးနှင့်ငမြောင်တောင်ပိုးများကျရောက်တတ်သဖြင့် အချိန်မီ ဆေးပက်ဖျန်းကာကွယ်နှိမ်နင်းမှုများ ပြုလုပ်ပါ။**

**(ဌ) ပိုးမွှားရောဂါကျရောက်ပါက အချိန်မီဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ အကြောင်းကြားပါ။**

**(ဍ) ထိခိုက်သွားသော ရေမြုပ်စိုက်ခင်းများနှင့် ပြန်လည်အစားထိုးစိုက်ခင်းများအတွက် ပုလဲဓာတ်မြေဩဇာများ ထည့်ပေးပါ။**

၂။ သဘာဝဘေးဒဏ်ကြောင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားနှင့် လယ်ယာစီးပွားများ ထိခိုက်ပျက်စီးဆုံးရှုံးနိုင်သဖြင့် အခါအားလျော်စွာ သက်ဆိုင်ရာဌာနများမှထုတ်ပြန်သည့် သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေး သတိပေးထုတ်ပြန်ချက်၊ ဌာနဆိုင်ရာအဆင့်ဆင့်၏ ညွှန်ကြားချက်များကို လိုက်နာ၍ ဒေသဆိုင်ရာအာဏာပိုင်များ၊ စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီများနှင့် ပူးပေါင်းပြီး သဘာဝဘေးဒဏ်ကြောင့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ပါလျှင် ရေကြီးနစ်မြုပ်သည့် လယ်ယာမြေများအား အချိန်မီ အမြန်ဆုံးအပြည့်အဝ ပြန်လည်စိုက်ပျိုးကြပါရန်နှင့် လိုအပ်သည့်အကူအညီများကို နီးစပ်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများထံ ရယူဆောင်ရွက်နိုင်ကြပါကြောင်းနှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## အင်တာနက်အားကစားသတင်းများ

### ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၄) ကျင်းပ လီဗာပူးနှင့် အက်စ်တန်ဗီလာအသင်းတို့ အနိုင်ရရှိ

**လန်ဒန် ဩဂုတ် ၂၅**

အင်္ဂလိပ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၄)ကို ယနေ့ကျင်းပသည်။

အင်္ဂလန်မြောက်ပိုင်း ဆန်ဒါလန်းမြို့ရှိ စတေဒီယမ်အော့ဖ်လိုက်ကွင်း၌ ကျင်းပသည့် ဘောလုံးပြိုင်ပွဲတွင် လီဗာပူးအသင်းက ဆန်ဒါလန်းအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိသည်။

ပွဲချိန် ၃၇မိနစ်တွင် လီဗာပူးအသင်းမှ မိုမိုစစ်ဆိုကိုက အဖွင့်ဂိုး သွင်းပေးခဲ့ပြီး ပွဲချိန် ၈၇မိနစ်တွင် ဗိုရွန်နင်က ဒုတိယမြောက်ဂိုးကိုသွင်းယူခဲ့သည်။



ဩဂုတ် ၂၅ရက်ကကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် လီဗာပူးအသင်းမှ မိုမိုစစ်ဆိုကိုက ဆန်ဒါလန်းအသင်းဘက်သို့ ဂိုးသွင်းယူစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

**အက်စ်တန်ဗီလာ–ဖူလ်ဟမ်**

ဘာမင်ဂမ်မြို့ရှိ ဗီလာပါ့ခ်ကွင်းတွင် အက်စ်တန်ဗီလာအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ၌ အက်စ်တန်ဗီလာအသင်းက ဖူလ်ဟမ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

***အင်တာနက်။***



### ၂၅–၈–၂၀၀၇ ပရီမီယာလိဂ်ရလဒ်များ

**အာဆင်နယ်– မန်စီးတီး**
၁ – ၀
**ဘော်လ်တန်–ရီးဒင်း**
၃ – ၀
**ချယ်လ်ဆီး–ပို့စ်မောက်သ်**
၁ – ၀
**ဒါဘီကောင်တီ–ဘာမင်ဂမ်**
၁ – ၂
**အဲဗာတန်–ဘလက်ဘန်း**
၁ – ၁
**ဝက်စ်ဟမ်း–ဝီဂန်**
၁ – ၁

### ခေါင်းတိုက်ရန်ကြိုးပမ်း

**ဩဂုတ်၂၅ရက်က ဘာမင်ဂမ်မြို့ရှိ ဗီလာပါ့ခ်ကွင်းတွင် ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် အက်စ်တန်ဗီလာအသင်းမှ အက်ရှ်လေယန်း(ဝဲ)နှင့် ဖူလ်ဟမ်အသင်းမှ ဆိုင်မွန်ဒေဗီတို့ ဘောလုံးကို အပြိုင်အဆိုင် ခေါင်းတိုက်ရန် ကြိုးပမ်းစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

### တိုက်စစ်မှူး အင်ဒီကိုးလ် ဆန်ဒါလန်းအသင်းနှင့် လက်မှတ်ရေးထိုး

**ဆန်ဒါလန်း ဩဂုတ် ၂၅**

ဝါရင့်တိုက်စစ်မှူး အင်ဒီကိုးလ်သည် တစ်နှစ်သက်တမ်းရှိ ကန်ထရိုက်စာချုပ်ကို ဆန်ဒါလန်းအသင်းနှင့် သောကြာနေ့တွင် လက်မှတ်ရေးထိုးလိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသက် (၃၅)နှစ်အရွယ်ရှိ ကိုးလ်သည် မန်ချက်စတာယူနိုက်တက်အသင်းတွင် ကစားဖော်ဖြစ်ခဲ့သည့် နည်းပြရွိုင်ကိန်းနှင့်အတူ ဆန်ဒါလန်းအသင်းတွင် ပြန်လည်ဆုံစည်းမည်ဖြစ်သည်။ ဆန်ဒါလန်းအသင်းသည် ကိုးလ်အတွက် အဋ္ဌမမြောက် ဆုကြေးစားကလပ်အသင်းဖြစ်သည်။ **အင်တာနက်။**

## မာဒေးကား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ချန်ပီယံ မြန်မာ့လက်ရွေးစင်အသင်း အုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲတက်

**ရန်ကုန် ဩဂုတ် ၂၅**

၂၀၀၇ခုနှစ် (၃၉)ကြိမ်မြောက် မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေဒေသစံတော်ချိန် ၇ နာရီခွဲတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် (က)အုပ်စုမှ လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် လာအိုလက်ရွေးစင်ဘောလုံးအသင်းတို့ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ လက်ရှိချန်ပီယံမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး မြန်မာအသင်းအတွက် အနိုင်ဂိုးကိုပထမပိုင်းတွင် ရန်ပိုင်က သွင်းယူပေးခဲ့သည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အုပ်စု(က)တွင် သုံးပွဲကစားသုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဩဂုတ်၂၇ရက်တွင် ပထမအကြို ဗိုလ်လုပွဲအဖြစ် အုပ်စု(ခ)မှ ဒုတိယရရှိသည့် ဇင်ဘာဘွေလက်ရွေးစင်ဘောလုံးအသင်းနှင့် ဒေသစံတော်ချိန်၅နာရီတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**ဩဂုတ် ၁၉ ရက်က ကမာရွတ်မြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၄)တွင် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ စတုတ္ထတန်းမှ စံပြထူးချွန်ဆုရ မနှင်းအိလှိုင်ဝေဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်း ဆုချီးမြှင့်စဉ်။** (ပညာရေး)

### မဒေါက်မြို့၌ စိုးရိမ်ရေမှတ်ကျော်

**နေပြည်တော် ဩဂုတ် ၂၅**

စစ်တောင်း မြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၀၉၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၂၈ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၈ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)



**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၂)ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းတွင် ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်ကြီး ဆောက်လုပ်ရန်အတွက်အလှူငွေကျပ်သိန်း ၂၅၀ စုပေါင်းလှူဒါန်းပွဲကို ကျင်းပရာ အလှူရှင်တစ်ဦးက အလှူငွေကျပ်တစ်သိန်းကို သာကေတမြို့နယ် သုမန(၅)ရပ်ကွက် မလွန်ဆန်လှူအသင်းဥက္ကဋ္ဌ ဦးအောင်နိုင်သို့ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)



### အရဏ်ဆွမ်းလောင်းလှူ

**ကွယ်လွန်သူ ဖခင်ကြီးဦးအောင်ညွှန့်အား ရည်စူး၍ ရွှေပုသိမ်ကုမ္ပဏီ ဦးထွန်းအေး၊ ဒေါ်ကေသွယ်ဝင်း၊ သမီး မနန္ဒာထွန်း၊ သား မောင်အိုရီယံထွန်းတို့က ဩဂုတ် ၁၁ရက်တွင် ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီး၌ ဝါဆိုတော်မူကြသော သံဃာတော်အပါး ၂၈၀၀ကျော်တို့အား ရွှေမုဋ္ဌောဘုရားအရှေ့ ဒေါ်လှယဉ်မြှောရုံ မြို့မဆွမ်းလောင်းအသင်း၌ အရဏ်ဆွမ်းလောင်းလှူကြစဉ်။**

(သတင်းစဉ်)

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

### The New Light of Myanmar သတင်းစာတိုက် အငယ်တန်းသတင်းထောက်ရာထူး နေရာ ရေးဖြေစာမေးပွဲ ကျင်းပမည့် ရက်နှင့်နေရာ ပြင်ဆင်သတ်မှတ်ခြင်း

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း The New Light of Myanmar သတင်းစာတိုက်တွင် အငယ်တန်းသတင်းထောက် လစာနှုန်း (၃၉၀၀၀–၁၀၀၀–၄၄၀၀၀)ရာထူး ၁၀ နေရာ၌ ဖြည့်စွက်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ် အမှတ် (၆)အခြေခံပညာအထက်တန်းကျောင်း၌ ၉–၉–၂၀၀၇ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

၆–၉–၂၀၀၇ ရက်နေ့နှင့် ၇–၉–၂၀၀၇ ရက်နေ့တို့တွင် ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၂၂/၃၂၊ ကမ်းနားလမ်း၊ (၄၃ လမ်းထိပ်)ရှိ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်၊ စီမံရေးရာဌာနတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ယူရမည်ဖြစ်သည်။ လာရောက်ဖြေဆိုချိန်တွင် (က) ဘွဲ့လက်မှတ်မိတ္တူ၊ (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား၊ (ဂ) ဖြေဆိုခွင့်ကတ်ပြားတို့ကို တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်လာရမည်။

ဖြေဆိုရမည့်အစီအစဉ်မှာ ၉–၉–၂၀၀၇ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ အင်္ဂလိပ်စာ၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ မြန်မာစာနှင့် အထွေထွေဗဟုသုတ (ပြည်တွင်း၊ ပြည်ပ) ဘာသာရပ်များဖြစ်သည်။

လျှောက်ထားသူများထံသို့ စာတိုက်မှတစ်ဆင့် အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်၍ သိရှိလိုသည်များကို နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်၊ စီမံရေးရာဌာန ဖုန်း ၀၁–၃၉၂၂၂၅၊ ၀၁–၃၉၂၂၂၆ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## ဘုတ်ပြင်းမြို့နယ်အတွင်း သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့်မိုင်းတစ်လုံး နင်းမိ၍အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံး

**နေပြည်တော် ဩဂုတ် ၂၅**

သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၀ရက် နံနက် ၉နာရီခန့်က ဘုတ်ပြင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ဦးထွန်းမောင်၏သား မောင်ထွန်းလင်း အသက်(၂၀)နှစ်သည် အဖော်ဖြစ်သူ ချောင်းသာရှူးကျေးရွာမှ မောင်ကျော်သန်းလွင်နှင့် ဟင်းသီးဟင်းရွက်နှင့်သားငါးရှာရန် တောတွင်းသို့သွားရောက်စဉ် နန်တာဖရောင်ရွာပျက်အနီးအရောက်၌ သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ မောင်ထွန်းလင်း၏ ညာဘက်ခြေထောက် ဒူးအထက်မှပြတ်ကာ သွေးထွက်လွန်ပြီး အဆိုပါနေရာ၌ပင် သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်လယ်ဝေး မြွေရိုးလေး စိုက်ပျိုးရေးပညာပေးစခန်းနယ်မြေ မိုးစပါး ကွင်းပိတ်ပွဲနှင့် မိုးစပါးလယ်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်း၊ ဓာတ်မြေသြဇာကြဲပက်ခြင်း၊ ပေါင်းလိုက်တမန်းနှိုးခြင်း အခမ်းအနား တက်ရောက်အားပေး




နေပြည်တော် ဩဂုတ် ၂၅

**နေပြည်တော် လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာအုပ်စု မြွေရိုးလေး စိုက်ပျိုးရေးပညာပေးစခန်းနယ်မြေ မိုးစပါးကွင်းပိတ်ပွဲနှင့် လယ်များအတွင်း ငါးမျိုးစိုက်ထည့်ပေးခြင်း၊ ဓာတ်မြေသြဇာ ကြဲပက်ခြင်းနှင့် ပေါင်းလိုက်တမန်းနှိုးခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါစခန်း၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်ပြီး ရှေးဦးစွာ နေပြည်တော် လယ်ဝေးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးလှမြင့်က မြွေရိုးလေး စိုက်ပျိုးရေးပညာပေး စခန်းနယ်မြေတွင် မိုးစပါး ကွင်းပိတ်စိုက်ပျိုးရေး ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။**

ထို့နောက် မြွေရိုးလေး စိုက်ပျိုးရေးပညာပေး စခန်း နယ်မြေတာဝန်ခံ ဦးတင်ဆွေက စခန်း နယ်မြေ ကွင်းပိတ်အစီရင်ခံစာကို နေပြည်တော် လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌထံ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးက အထွက်နှုန်းကောင်းသော စပါးမျိုးများ တိုးချဲ့စိုက်ပျိုးရေး၊ လယ်များအတွင်း ငါးများ ထည့်သွင်းမွေးမြူရေး အခြေအနေများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် တောင်သူ ဦးတင်အေး၏ လယ်မြေ ၁၀ ဧကအတွင်းသို့ ငါးမျိုးများ တပျော်တပါး စိုက်ထည့်ပေးကြပြီး ခရမ်းကိုင်း ကျေးရွာအုပ်စုမှ တောင်သူ ဦးကျော်ရွှေ၏ မိုးစပါး ၂၅ ဧက လယ်မြေ အတွင်း စိုက်ပျိုးရေးဝန်ထမ်းများနှင့် ဒေသခံ တောင်သူများ ပူးပေါင်း၍ စပါးခင်းများအတွင်း ဓာတ်မြေသြဇာ ကြဲပက်ခြင်း၊ ပေါင်းလိုက်၊ တမန်းနှိုးခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ✻

## ငါးမျိုးများစိုက်ထည့်ပေး

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာအုပ်စု တောင်သူ ဦးတင်အေး၏ လယ်မြေ ၁၀ ဧက အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးစဉ်။** (သတင်းစဉ်)

## ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏ ကျောက်မျက်နှင့် ကျောက်စိမ်း ရောင်းချပွဲ ကျင်းပပြီးစီး ကျောက်မျက် ၂၁၂ တွဲနှင့် ကျောက်စိမ်း ၄၀၄ တွဲ ရောင်းချခဲ့ရ

**ရန်ကုန် ဩဂုတ် ၂၅**

ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၃) ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်း ရောင်းချပွဲ (၂၀၀၇) နောက်ဆုံးနေ့ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ တက်ရောက်ကြသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❀

## နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

## မုတ်သုံလေ အားနည်းမည်။

## ယနေ့မိုးလေဝသ

၂၆–၈–၂၀၀၇

**နေပြည်တော်**

**နေပြည်တော်နှင့် အနီးတဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

**ရန်ကုန်**

**ရန်ကုန်မြို့နှင့် အနီးတဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

**မန္တလေး**

**မန္တလေးမြို့နှင့် အနီးတဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။**





ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၃) ကြိမ်မြောက် **ကျောက်မျက်နှင့် ကျောက်စိမ်း ရောင်းချပွဲ(၂၀၀၇)တွင် ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

## ကြေးမုံ အင်တာနက် ကျန်းမာရေး သတင်း

## နှလုံးနှင့် လေဖြတ်ရောဂါကာကွယ်ရန် အက်စ်ပရင်ဆေးပြား မှန်မှန်စား

ဝါရှင်တန် ဩဂုတ် ၂၅

ခန့်မှန်းခြေအားဖြင့် အမေရိကန်နိုင်ငံရှိ သက်ကြီးပိုင်းလူဦးရေ ၄၃ သန်းသည် နေ့စဉ် သို့မဟုတ် နေ့စဉ်နီးပါး အက်စ်ပရင် အကိုက်အခဲပျောက်ဆေးပြားကို သောက်သုံးနေကြကြောင်း ဆန်းစစ်တွေ့ရှိရသည်ဟု လေ့လာချက်စစ်တမ်းတစ်ခုက ဖော်ပြသည်။

တစ်နည်းအားဖြင့် အမေရိကန်ရှိ အက်စ်ပရင်ဆေးဝါး သောက်သုံးသော လူဦးရေပမာဏသည် သက်ကြီးပိုင်း လူဦးရေ စုစုပေါင်း၏ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ●